ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၃၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၂-၂-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျော့က်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအစည်းအဝေးတက်ရောက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးဆေးစစ်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်း ထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက် မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးအောင်ကြည်ညွန့် က နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်း ထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက် မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ဒီနေ့ ဒီမေးခွန်း ဖော်ပြထားတဲ့ မေးခွန်းကို မေးမြန်းဖို့ အခြေခံအားဖြင့် ပေါ်ပေါက်လာတဲ့ အကြောင်းတစ်ခုကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့မှာ ပြီးခဲ့တဲ့ ဇူလိုင်လ ၉ ရက်နေ့တုန်းက ဒီ စန္ဒာသူရိယ ပညာကျွန်းမာအသင်းလေးကနေပြီးတော့ ဦးဆောင်ပြီးတော့ အစိုးရ အထက်တန်းကျောင်းမှာ ကျောင်းမုန့်ဆိုင်တွေမှာရောင်းနေတဲ့ ကလေးတွေအတွက် အန္တရာယ်မကင်းတဲ့ အစားအသောက်တွေ သူတို့ရဲ့ ရန်ပုံငွေလေးနှင့် ဝယ်ပြီးတော့ ဒါတွေကို ကျွန်တော်တို့ ပညာပေး ဟောပြောပြီးတဲ့အခါမှာ ဖျက်ဆီးတဲ့ အခမ်းအနားလေးတစ်ခု ကျင်းပခဲ့တယ်။ အဲဒီမှာ ဈေးကွက်အတွင်းထဲမှာရှိနေတဲ့ အခြေအနေနှင့် ပတ်သက်ပြီးတော့လည်းပဲ ကျွန်တော် အခမ်းအနားမှာ တင်ပြဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် အင်မတန်မှ ကလေးတွေအတွက်ရော၊ တကယ်တော့ တစ်နိုင်ငံလုံးအတွက် စားသုံးမှုတွေမှာ အင်မတန် အန္တရာယ်ကြီးနေတဲ့ ပကတိမြေပြင်အခြေအနေမှာ ဒီလိုတွေပေါ်ပေါက်နေတယ်ဆိုတာကို တွေ့လာရတဲ့အတွက် ဒီမေးခွန်းမေးဖို့ ကျွန်တော် ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ဒါနှင့်ပတ်သက်ပြီးတဲ့အခါကျတော့ အခု ကျွန်တော်တို့ ဒီမေးခွန်းမှာ ကျွန်တော် တင်ပြထားတဲ့ အတိုင်းပဲ တရားဝင်ပိတ်ပင်ထားတဲ့ အစားအသောက်တွေလည်း ဒီနေ့ ဈေးကွက်ထဲမှာ ရရှိနေတယ်။ နောက် အထည်အလိပ်လုပ်ငန်းတွေမှာ သုံးတဲ့ ကျွန်တော်တို့ ဆိုးဆေးတွေကိုလည်းပဲ

ကျွန်တော်တို့ အစားအသောက်လုပ်ငန်းတွေမှာ လွယ်လွယ်ကူကူ သုံးလို့ရနေတယ်။ အဲဒီဆေးတွေက လည်းပဲ တစ်နေရာမှာ တစ်ထုပ်ကို (၅၀)ကျပ်တည်းနှင့် အပြင်မှာလွယ်လွယ်ကူကူဝယ်ပြီးတော့ သုံးလို့ ရတဲ့အတွက် အစားအသောက်တွေထဲမှာ ဒီ အရောင်ဆိုးဆေးတွေလုပ်နေတယ်။ အဲဒီတော့ ဒီလို အခြေအနေမျိုးတွေရှိတဲ့အခါမှာ ဒီလိုဆိုရင် ကျွန်တော်တို့ ဈေးကွက်ထဲမှာသုံးနေတဲ့ ဒီ ဆိုးဆေးတွေဟာ အစားအသောက်အတွက် ဆိုးဆေးပဲ ဖြစ်စေ၊ သို့မဟုတ် တစ်ခြားအထည်အလိပ်မှာ သုံးတဲ့ ဆိုးဆေးပဲ ဖြစ်စေ၊ ဒါတွေကို ကျွန်တော် ကျန်းမာရေးအတွက်မှာ အရင်တုန်းကသုံးခဲ့တဲ့ ဒိုင်ယာစီပင်ဆေးမျိုးလို၊ ဘက်ထရီလုပ်ငန်းတွေမှာသုံးတဲ့ ကန့်ရေမီး (Sulphuric Acid) တို့လို ထိန်းချုပ်ကန့်သတ်ထားတဲ့ ပုံစံမျိုးလေးနှင့် စနစ်တကျရောင်းချပေးမယ်ဆိုရင် အလွယ်တကူဝယ်ယူလို့ မရဘူးဆိုရင် အစားအသောက် တွေထဲမှာ ရောက်မယ့်အန္တရာယ်တွေ လျော့ပါးသွားနိုင်မယ့် အခြေအနေမျိုး ရှိနေတာကို ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။

အဲဒီအပြင် ကျွန်တော်တို့ ဈေးတွေထဲမှာ အခု ငါးပိ၊ ငါးခြောက်တွေဆို ယင်မနားတော့ ပါဘူး။ အဲဒီမှာ ကျွန်တော်တို့ ပိုးသတ်ဆေးတစ်မျိုးကို ကျွန်တော်တို့ ရေနှင့်ရောပြီးတော့ ငါးပိ၊ ငါးခြောက်တွေပေါ်မှာ အမြဲတမ်းဖျန်းပြီးတော့၊ နှစ်ပြီးတော့ ရောင်းနေတယ်။ အဲဒီတော့ ငါးပိ၊ ငါးခြောက်တွေမှာ ယင်မနားတော့ဘူး၊ ဆန်သည်တွေမှာ ဆန်တွေပေါ်မှာပဲ ယင်တွေလာနားတော့တယ်။ ပြီးတော့ ဒီကောင်တွေက အဆိပ်အတောက်တွေပဲ ဖြစ်တယ်။ ပြီးရင် ငါးပိထဲမှာ ယင်မနားဖို့ရာအတွက် ပိုးသတ်ဆေးတွေ လုပ်နေတယ်ဆိုတာလည်း လေ့လာတွေ့ရှိနေရပါတယ်။ ဒါတွေနှင့်ပတ်သက်ပြီးတော့ တကယ့်မြေပြင် အခြေအနေမှာရှိနေတဲ့အနေအထားကို သိနိုင်ဖို့ရန်အတွက် Power Point အသုံးပြု ခွင့်ပေးပါရန် မေတ္တာရပ်ခံပါတယ်။ ဒါတွေက ကျွန်တော်တို့ ပါဝါသကြားတွေနှင့် ကျွန်တော်တို့ ဒီမှာ သုံးနေတဲ့ FDA ကနေပြီးတော့လည်း ပိတ်ပင်ထားပြီးတဲ့အခြေအနေ ဒါပေမဲ့ အခုအချိန်အထိ ကျွန်တော်တို့ ဈေးကွက်ထဲမှာ ရောက်ရှိနေတဲ့ အစားအသောက်တွေ ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ဆန်တွေ၊ ပဲတွေမှာသုံးနေတဲ့ ပိုးမထိုးအောင် ဆေးထည့်တဲ့ ပိုးသတ်ဆေးဖြစ်တယ်။ နောက် ခုနတုန်းက ယင်မနားတဲ့ ပိုးသတ်ဆေးတွေပါ။ ယင်မနားဆေးဆိုတာ ရေနှင့်ဖျန်းပြီးတော့ ငါးခြောက်တွေ၊ ငါးပိတွေပေါ်မှာ အမြဲတမ်းဖျန်းပြီးတော့ ရောင်းနေတဲ့ ဈေးကွက် ထဲမှာ တွင်တွင်ကျယ်ကျယ်သုံးနေတဲ့ ဆေးတွေ ဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ ဈေးအတွင်းမှာ ဖြန့်ချိရောင်းချနေတဲ့ ကျွန်တော်တို့ အရောင်တင်မှုန့်တွေ ဖြစ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ မှည့်ဆေးလို့ ခေါ်တဲ့ သုံးနေတဲ့ ဆေးတွေဖြစ်ပြီးတော့ ဒါလည်း ကျွန်တော်တို့ FDA က သာမန်အားဖြင့် အသုံးပြုဖို့ရာ မသင့်တော်တဲ့ အချဥ်ခဲတွေ သာမန်ပကတိအတိုင်းသုံးနေတဲ့ မန်ကျည်းတို့၊ သံပုရာတို့၊ ရှောက်တို့ သဘာဝ အစားသုံးနေတဲ့ အချဥ်ခဲတွေ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ တရုတ်ပြည်ကနေ ထုတ်လုပ်တဲ့အခါကျတော့ အသုံးပြုနေတဲ့ တရုတ်နိုင်ငံလုပ် Milk Shake တွေ ဖြစ်ပါတယ်။ နောက် ဟိုဘက်က ကျွန်တော် တရားမဝင်ဖြန့်ချိပြီးတော့ ရောက်ရှိနေတဲ့ ကျွန်တော်တို့ ဘာအညွှန်းမှလည်း မပါတဲ့ တရုတ်မုန့်တွေ ဖြစ်ပါတယ်။ များသောအားဖြင့် ဒါတွေဟာ ကလေးသူငယ်တွေရဲ့ ကျောင်း စားသောက်ဆိုင်တွေမှာ ကျွန်တော်တို့ တွေ့နေရတဲ့ မုန့်တွေ ဖြစ်ပါတယ်။

ဒါက ကျွန်တော် FDA ကနေပြီးတော့ တရားဝင်ပိတ်ပင်ထားတဲ့ တံဆိပ်အမှတ်အသားတွေနှင့် ကျွန်တော်တို့ တရားမဝင်ဆိုးဆေးတွေသုံးထားပါတယ်လို့ ဖော်ပြထားတဲ့ အစားအသောက်ကုန်တွေ

ဖြစ်ပါတယ်။ ဒီစားသောက်ကုန်တွေကလည်း အခု လက်ရှိအခြေအနေအထိ ဈေးကွက်ထဲမှာ ဝယ်ယူလို့ ရနေတဲ့အနေအထားမျိုးမှာ ရှိနေပါတယ်။ ဒါလည်း အလားတူပါပဲ။ ကျွန်တော်တို့ FDA က ပိတ်ပင်ထားပြီးသား တံဆိပ်အမျိုးအစားတွေနှင့် ဒါကြောင့်မို့လို့ ဈေးကွက်ထဲမှာ အခုအချိန်အထိ ရောင်းနေတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

ဒါတွေက စောစောပိုင်းက ကျွန်တော် ပြခဲ့တာ ဒီမေးခွန်းကို ကျွန်တော် ဇူလိုင်လကတည်းက တင်ခဲ့တာ ဖြစ်ပါတယ်။ ဇူလိုင်လတုန်းကရှိနေတဲ့ အခြေအနေဖြစ်ပြီးတော့ အခုနောက်ပိုင်း ပြီးခဲ့တဲ့ ဒီဇင်ဘာလအထိ ဈေးကွက်ထဲမှာရှိနေတဲ့ အနေအထားနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဆက်လက်ပြီးတော့ တင်ပြမှာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဒီဇင်ဘာလအထိ ကျောင်းမုန့်ဆိုင်တွေမှာ အဲဒါတွေ အခုအချိန်အထိ ရောင်းချနေတဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီတော့ ဒါတွေကတော့ ကျောင်းမုန့်ဆိုင်တွေမှာ လောလောဆယ်ကို ကျွန်တော်တို့ မုန့်တွေကို ချက်ချင်းကို ကျွန်တော်တို့ ဒီ ဓာတုဗေဒဆိုးဆေးတွေနှင့် စိမ်ပြီးတော့ အမျိုးမျိုး ကလေးတွေကို သူက ရောင်းတာ။ ဒါတွေကိုပဲ ကလေးတွေက နေ့စဉ်နှင့်အမျှ ကျွန်တော်တို့ ကလေးတွေက ဝယ်ယူစားသုံးနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ ဈေးကွက်တွေထဲမှာ ကျွန်တော်တို့ မျှစ်ကို လတ်တလော ကျွန်တော်တို့ ဒီ အရောင်တင်ဆေးမှုန့်တွေနှင့် ဈေးကွက်ထဲမှာ ရောင်းနေတာ ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ပုစွန်ခြောက်ကို ဆေးဆိုးထားတဲ့ ပုစွန်ခြောက်တွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုအနေအထားမျိုးတွေရှိနေတဲ့ အခြေအနေမျိုးတွေနှင့် ပတ်သက်ပြီးတော့ကာ တကယ်တမ်း မြေပြင်အခြေအနေကို ကြည့်လိုက်တဲ့အခါကျတော့ မြို့နယ်မှာရှိတဲ့ အခြေခံအကျဆုံးဖြစ်တဲ့ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီတွေမှာ ဘဏ္ဍာငွေခွင့်ပြု --------

**ဥက္ကဋ္ဌ**။　　။ (၂)မိနစ် အချိန်ပေးမယ်။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။　　။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနှင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးချင်တဲ့ မေးခွန်းက (၃)ခုပဲ ရှိပါတယ်။ (၁) FDA က တရားဝင်ပိတ်ပင်ထားပြီးဖြစ်တဲ့ မုန့်နှင့် အစားအသောက်တွေကို ဈေးကွက်ထဲမှာ ဆက်လက်ပြီးတော့ တွင်ကျယ်စွာ ရောင်းချနေမှုကို တားမြစ်ရန် ဘယ်လို စီစဉ်ဆောင်ရွက်နေတယ်။ ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် ဘယ်လို ဆက်လက်ဆောင်ရွက်မလဲဆိုတာကိုလည်းကောင်း။ (၂) အထည်အလိပ်လုပ်ငန်းများမှာသုံးတဲ့ ဓာတုဆိုးဆေးတွေကို ဈေးကွက်မှာ အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်ခြင်းကြောင့် အစားအသောက်လုပ်ငန်းများမှာ အသုံးပြုနေခြင်းကို တားမြစ်နိုင်ရန်အတွက် လက်တွေ့မှာ ဖြစ်နိုင်ခြေမရှိတဲ့အတွက် ဒီဆိုးဆေးတွေကို ထိန်းချုပ်ကုန်အဖြစ် စနစ်တကျ မှတ်ပုံတင်ရောင်းဝယ်ရမည့် ထိန်းချုပ်ကုန်စည်အဖြစ် သတ်မှတ်ထိန်းချုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် (၃) အမျိုးသားကျန်းမာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတာနှင့်အမျှ အခြေခံအကျဆုံးလည်း ဖြစ်တဲ့ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီများ လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဘဏ္ဍာငွေသုံးစွဲမှုနှင့်တကွ ထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် ဘယ်လို စီမံဆောင်ရွက်ထားတယ်ဆိုတာကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ကျောင်းမုန့်ဈေးတန်းရှိ ဆိုးဆေးပါသော မုန့်များနှင့် တရားမဝင်လမ်းကြောင်းမှ တင်သွင်းရောင်းချနေသော မုန့်များ၏ မြင်ကွင်းပုံ (န)



ကျောင်းမုန့်ဈေးတန်းရှိ တရားမဝင်လမ်းကြောင်းမှ တင်သွင်းရောင်းချနေသော မုန့်များ၏ မြင်ကွင်းပုံ (န-၁)



ကျောင်းမုန့်ဈေးတန်းရှိ ဆိုးဆေးပါသောမုန့်များ၏ မြင်ကွင်းပုံ (နံ-၂)



**စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မြင်းမူမြို့နယ်၊ ခုတင်(၅၀)ဆံ့ ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မြင်းမူမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေး-မုံရွာ အဝေးပြေးကားလမ်းမကြီး ပေါ်မှာတည်ရှိပြီးတော့ မန္တလေးက (၄၈)မိုင်၊ မုံရွာက (၃၆)မိုင် ကွာဝေးတဲ့ ဧရာဝတီမြစ်နှင့် မူးမြစ်တို့ ပေါင်းဆုံရာဒေသဖြစ်ပြီးတော့ ဧရာဝတီမြစ်ကမ်းနဖူးမှာတည်ရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ မြင်းမူမြို့ ဟာ (၂၉၉.၄၅)စတုရန်းမိုင် ကျယ်ဝန်းပြီးတော့ ရပ်ကွက်ကျေးရွာအုပ်စု(၅၂)အုပ်စု၊ ကျေးရွာပေါင်း

(၈၄)ရွာဖြင့် ဖွဲ့စည်းတည်ထောင်ထားတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ အိမ်ထောင်စုပေါင်း (၂၆၀၄၇)စု ရှိပြီးတော့ လူဦးရေပေါင်း(၁၁၄၈၇၇)ဦး နေထိုင်လျက်ရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။

ဆက်သွယ်ရေးကောင်းမွန်တဲ့အတွက်ကြောင့်မို့ အခြားမြို့နယ်တွေကလည်း အားကိုးရသလို ကျန်းမာရေးအတွက် မြင်းမူ ပြည်သူ့ဆေးရုံကို အားထားလျက်ရှိပါတယ်။ မြင်းမူ ပြည်သူ့ဆေးရုံကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့က ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်နဲ့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ဆေးရုံတွင်တာဝန်ကျတဲ့ ဝန်ထမ်းများရဲ့ ကြိုးပမ်းဆောင်ရွက်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ကောင်းမွန်တဲ့ ပံ့ပိုးကူညီမှုတို့ဖြင့် မြင်းမူမြို့နယ်သာမက အခြားအနီးအနားက မြို့နယ်များကပါ အားထားနေရမှုတို့ကြောင့် ဆေးရုံသို့ တက်ရောက်ကုသတဲ့ လူဦးရေဟာ တစ်နှစ်ထက်တစ်နှစ် ပိုမို များပြားလျက်ရှိပါတယ်။ ယခုနောက်ဆုံး ၂၀၁၆ ခုနှစ်က ကုသခဲ့တဲ့ အရေအတွက်ဟာဆိုလို့ရှိရင် တစ်နေ့ ပျမ်းမျှအားဖြင့် ပြင်ပလူနာဦးရေဟာ (၃၄.၈၅)၊ အတွင်းလူနာဦးရေဟာ (၇၀.၉၂)ဦးအထိ တိုးတက်များပြားလာတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့ လူနာနှင့်ခုတင်မှာ မျှတမှု မရှိတဲ့အနေအထားကို တွေ့ရပါတယ်။ ဆေးရုံကို မှီခိုအားထားနေတဲ့ ပြည်သူများအနေဖြင့်လည်း ယခုထက်ပိုမို ပြည့်စုံတဲ့ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် လိုလားလျက်ရှိကြပါတယ်။ ဒါကြောင့် တိုးတက်လာတဲ့ လူဦးရေအရေအတွက်ကြောင့်မို့ ပြည်သူလူထုရဲ့လိုလားချက်များကို ထောက်ရှုပြီးတော့ ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် တိုးချဲ့ပေးရန် လိုအပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်၍ ကျွန်တော့်အနေနဲ့ မေးချင်တဲ့မေးခွန်းကတော့ မြင်းမူမြို့၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ်တိုးမြှင့်၍ ပြည်သူများကို ယခုထက်ပိုမိုကျယ်ပြန့်အားကောင်းတဲ့ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရှားတောကျွန်းရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်း အတွက် တင်ဒါအောင် ကုမ္ပဏီအနေဖြင့် စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် လုပ်ငန်းအပ်နှံမှု မရှိသေးခြင်း အပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် က ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရှားတောကျွန်းရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်း အတွက် တင်ဒါအောင် ကုမ္ပဏီအနေဖြင့် စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် လုပ်ငန်းအပ်နှံမှု မရှိသေးခြင်း အပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါ

တယ်။ ကျွန်တော် ဒီနေ့မေးမယ့် မေးခွန်းကတော့ မိုးညှိမြို့နယ်၊ ရှားတောကျွန်းကျေးရွာအုပ်စု၊ ရှားတောကျွန်းကျေးရွာမှာ ဆောက်လုပ်ထားတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရေးအောင်၊ တင်ဒါအောင် ကုမ္ပဏီအနေနဲ့ စံချိန်စံညွှန်းမပြည့်မီတာနှင့် လုပ်ငန်းအပ်နှံမှု မရှိသေးတဲ့အပေါ်မှာ ကျွန်တော် မေးခွန်းမေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မိုးညှိမြို့မှာ ရှားတောကျွန်းကျေးရွာအုပ်စု၊ ရှားတောကျွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကျွန်တော်တို့ တင်ဒါအောင်ခဲ့တဲ့ ဂုဏ်ကြီးရှင် ကုမ္ပဏီဟာ ကျပ်သိန်းပေါင်း (၅၈၃)သိန်းနှင့် တင်ဒါအောင်ခဲ့ပါတယ်။ တင်ဒါအောင်ခဲ့ပြီးတော့ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ (၇)လပိုင်းက ဆောက်လုပ်ခဲ့ရာမှာ ကျွန်တော်တို့ ကျေးရွာပြည်သူလူထုက ၂၀၁၆ ခုနှစ်မှာ ကျွန်တော့်ကို အကြိမ်ကြိမ်ပြောတဲ့အတွက်ကြောင့် ကျွန်တော် တစ်ခေါက်သွားကြည့်ပါတယ်။ အခု လွှတ်တော်လာခါနီး ၈-၁-၂၀၁၈ မှာလည်း တစ်ခေါက် သွားရောက်ကြည့်ရှုခဲ့ ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ဝင်းခြံလိုအပ်ချက်တွေအနေနဲ့ ဝင်းခြံမှာ သံဇကာတွေကာထားတာ သံဇကာလေးတွေက နန်းလုံးတွေ အင်မတန်သေးနေပါတယ်။ ကျောက်တိုင်လေးတွေက လေးလက်မ ပတ်လည် ကျောက်တိုင်လေးတွေမှာလည်း အထဲမှာ ကျွန်တော်တို့ သုံးမူးလုံးတစ်ချောင်းတည်းပဲ ထည့်ထားတဲ့အတွက်ကြောင့် ကျိုးလွယ်၊ လှုပ်လွယ်နေပါတယ်။

နောက်တစ်ခါ Retaining Wall ခေါ်တဲ့ အုတ်ခုံကလည်း (၉)လက်မရှိရမှာကို (၄)လက်မခွဲပဲ လုပ်ထားတာကိုတွေ့ရပါတယ်။ နောက် ဝင်ပေါက်နှစ်ပေါက်မှာရှိတဲ့ ကျွန်တော်တို့ တိုင်တွေမှာ ကျွန်တော်တို့ မီးလုံး(၄)လုံး တပ်ဆင်ထားခြင်း မရှိသေးပါဘူး။ ပြီးခဲ့တဲ့လက ကျွန်တော် လာခါနီးကြည့်တော့ အဲဒီမီးလုံး(၄)လုံးကတော့ တပ်ဆင်ပြီးပါပြီ။ နောက်တော့ မီးစက်ခန်းမှာ (၅)ပေပတ်လည် အခန်းလေး လုပ်ထားတဲ့အတွက်ကြောင့် တရုတ်နီခွန်တမတ်မီးစက်ကို ထည့်သွင်းလို့မရသလို အထဲထည့်ပြီး တော့လည်း လူကဝင်ပြီး စက်နှိုးလို့မလွယ်ပါဘူး။ အဲဒီအတွက် အခုသွားကြည့်တဲ့အခါမှာ (၂)ပေခွဲစီ တိုးချဲ့ထားတာကိုတော့ တွေ့ခဲ့ရပါတယ်။ နောက်တစ်ခါ (Over tank) ရေစင်ဟာလည်းပဲ လှေခါး တက်တဲ့အခါမှာ သေးငယ်ပြီးတော့ အပေါ်မှာ တက်ရန်အတွက် အင်မတန် အန္တရာယ်များနေတာကိုလည်း တွေ့ရပါတယ်။ နောက် ဝန်ထမ်းအိမ်ရာ ရေချိုးခန်းမှာဆိုလို့ရှိရင် ဆောက်လုပ်ပြီးစီးခြင်းမရှိဘဲနဲ့ အပေါ်မှာတပ်ထားတဲ့ မှန်လည်တွေကို မတပ်ရသေးတာတော့ အခု မှန်လည်တွေ တပ်ထားတာကို တွေ့ခဲ့ရပါတယ်။ နောက်တစ်ခါ မီးဖိုချောင်ကြွေပြားတွေ အခုထက်ထိ ခင်းပြီးခြင်း မရှိသေးပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့ ဒီ Sun Shade ခေါ်တဲ့ ပြတင်းပေါက်ရဲ့အပေါ်မှာ ကျွန်တော်တို့ (၅)လက်မခွဲထုနှင့် (၂)ပေအကျယ် Sun Shade ထုတ်ရမှာကို (၆)လက်မပဲ ထုတ်ထားတာကိုလည်း တွေ့ရပါတယ်။

နောက် ဗွီးချဲနဲ့တက်ရမယ့် ဆင်ခြေလျှောခုံကတော့ ကျွန်တော်တို့ မူလတုန်းက စတီး လက်ရန်း တပ်ထားပါတယ်။ အခုအဲဒါကို ပယ်ဖြုတ်လိုက်တဲ့အတွက်ကြောင့် ဗွီးချဲနဲ့ တက်လို့တော့ ရသွားပါပြီ။ နောက်တစ်ခါ ကျွန်တော်တို့ သံပန်းတံခါးတွေဆိုလို့ရှိရင် ကျွန်တော်တို့ မတ်လုံးသာသာ လောက်ကလေးတွေနဲ့လုပ်ထားပြီးတော့ အဖြစ်ပဲလုပ်ထားပါတယ်။ မင်းတုပ်နဲ့ထိုးပြီးတော့ သော့ခတ် ထားသော်လည်း လက်နဲ့တွန်းလိုက်လို့ရှိရင် အကုန်ပွင့်သွားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ နောက်တစ်ခု

ကျွန်တော်တို့ ဆေးခန်းရဲ့အရှေ့မှာ ခင်းထားတဲ့လမ်းတွေဟာ (၄)လက်မထု၊ တချို့နေရာမှာ (၂)လက်မ ထုပဲရှိတာကို တွေ့ရပါတယ်။

နောက်တစ်ခါ မျက်နှာကြက်တွေကျတော့ (၄)ပေပတ်လည် ကျောက်ပြားတွေကို ကျွန်တော်တို့ ကပ်ပေးရမယ့်အစား (၂)ပေပတ်လည် ဂျက်ဆင် board တွေနဲ့ လုပ်ထားတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီ ဆေးခန်းက ကျွန်တော်တို့ စံချိန်စံညွှန်းနဲ့ မပြည့်မီတာကို တွေ့ရှိရပါတယ်။ လုပ်ငန်းတွေ မပြီးစီးတဲ့အတွက်ကြောင့် ကျွန်တော်အကြိမ်ကြိမ် ဆက်ပြီးတော့ခေါ်တဲ့အခါမှာ လာရောက်ဆောင်ရွက် ပေးမယ်လို့ ပြောသော်လည်းပဲ လုပ်ကိုင်ဆောင်ရွက်ပေးတာကို မတွေ့ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရှားတောကျွန်းကျေးရွာအုပ်စု၊ ရှားတောကျေးရွာ ကျေးလက် ဆေးပေးခန်း(ခွဲ)မှာ တင်ဒါအောင် ကုမ္ပဏီအနေနဲ့ ဆောက်လုပ်ထားတာတွေဟာ စံချိန်စံညွှန်း မပြည့်မီ တာနဲ့ လုပ်ငန်းမအပ်နှံခြင်းအပေါ် ကျေးရွာသူ၊ ကျေးရွာသားများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြို့သစ်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မြို့သစ်၏ ကျောင်းဧရိယာမှာ (၀.၆၇၄)ဧကသာရှိသဖြင့် အလွန်ကျဉ်းမြောင်းနေပါ၍ ကျောင်းဧရိယာ လျာထားမြေမှ ရယူထားပြီး အသုံးပြုခြင်းမရှိတော့သည့် တိုင်းရင်းဆေးအဆောက်အအုံပါ မြေယာကို ပြန်လည်စွန့်လွှတ်၍ ပညာရေးပိုင်မြေအဖြစ် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ဝေ က တနင်္သာရီ တိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြို့သစ်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မြို့သစ်၏ ကျောင်းဧရိယာမှာ (၀.၆၇၄)ဧကသာရှိသဖြင့် အလွန်ကျဉ်းမြောင်းနေပါ၍ ကျောင်းဧရိယာ လျာထား မြေမှ ရယူထားပြီး အသုံးပြုခြင်းမရှိတော့သည့် တိုင်းရင်းဆေးအဆောက်အအုံပါ မြေယာကို ပြန်လည် စွန့်လွှတ်၍ ပညာရေးပိုင်မြေအဖြစ် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေ ဖြစ် ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြို့သစ် ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့သစ်၏ ကျောင်းဧရိယာမှာ (၀.၆၇၄)ဧကသာ ရှိသဖြင့် အလွန်ကျဉ်းမြောင်းနေပါ၍ ကျောင်းဧရိယာ လျာထားမြေမှ ရယူထားပြီး အသုံးပြုခြင်း မရှိ တော့သည့် တိုင်းရင်းဆေးအဆောက်အအုံပါ မြေယာကို ပြန်လည်စွန့်လွှတ်၍ ပညာရေးပိုင်မြေအဖြစ် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ မေးခြင်းပါ။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းဟာ ဝန်ကြီးဌာန (၂)ခု ဖြေလျှော့ညှိနှိုင်း ပူးပေါင်းဆောင်ရွက်စေလိုတဲ့ စေတနာဖြင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ ပုဒ်မ ၉(င)နဲ့အညီ မေးမြန်းရခြင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြို့သစ်ရပ်ကွက်ရှိ အ.ထ.က(ခွဲ) မြို့သစ်ကျောင်းတွင် ယခုပညာသင်နှစ်တွင် မူလတန်းအဆင့် ကျောင်းသား(၁၀၉၈)ဦး၊ အလယ်တန်း အဆင့် (၁၀၀၉)ဦး၊ အထက်တန်းအဆင့် (၃၀၅)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ(၂၄၁၂)ဦးရှိပြီး နှစ်စဉ် ကျောင်းသားဦးရေတိုးပွားနေတဲ့ ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။ စာသင်ခန်းနဲ့ ကျောင်းသားဦးရေ မညီမျှတာကြောင့် မနက်(၇)နာရီမှ (၁၂)နာရီအထိ တစ်ချိန်၊ နေ့လယ်(၁)နာရီမှ ညနေ(၅)နာရီအထိ တစ်ချိန်၊ နှစ်ချိန်ခွဲသင်နေရတဲ့ ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။ စာသင်ချိန် နှစ်ချိန် ခွဲသင်နေရတဲ့အတွက် ကျောင်းသားများအဖို့ စာသင်ချိန်ပြည့်မြောက်အောင် သင်ကြားပေးဖို့ဟာ ခက်ခဲတဲ့အတွက် ပညာရေးမှာလည်း ထိခိုက်လာသလို ဆရာ၊ ဆရာမများအဖို့လည်း အလွန်ပဲ အခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ အ.ထ.က(ခွဲ) မြို့သစ်ကျောင်း မူလလျာထားဧရိယာ(၅)ဧက ရှိသော်လည်း တိုင်းရင်းဆေးကုခန်း၊ မီးသတ်၊ ဓမ္မာရုံ၊ ဈေးများ နေရာယူဆောက်လုပ်ခဲ့သဖြင့် ကျောင်းမြေဧရိယာ(၀.၆၇၄)ဧကသာ ကျန်ရှိပြီး အလွန်ကျဉ်းမြောင်းနေပြီဖြစ်တယ်။

ကျောင်းမြေမှ ရယူထားပြီး လက်ရှိအသုံးပြုခြင်းမရှိတော့သည့် တိုင်းရင်းဆေးရုံ၊ ရုံးခန်း၊ ဝန်ထမ်းအိမ်ရာ မြေနေရာဧရိယာမှာ (၀.၂၂)ဧကရှိပြီး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန မှတ်တမ်းအရ နှစ်(၃၀)မြေငှားဂရန် ရှိတယ်ဆိုတာ သိရှိရပါတယ်။ ၂၀၁၆ ခုနှစ်အတွင်းက မြိတ်မြို့ တပ်ပြင်ရပ်ရှိ မြေဧရိယာ(၃)ဧကမှာ ခေတ်မီနှစ်ထပ် တိုင်းရင်းဆေးရုံကြီး၊ ရုံးခန်း၊ ဝန်ထမ်း အိမ်ရာများ တည်ဆောက်ပြောင်းရွှေ့ထားပြီး ဖြစ်သည့်အပြင် မြစ်ငယ်ရပ်ကွက်မှာလည်း မူလကတည်းက ခရိုင်ရုံးတစ်ရုံးရှိပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ညနေတုန်းက ကျွန်တော့်ကို တိုင်းကျန်းမာရေးဦးစီးဌာနက နေပြီးတော့ ဖုန်းဆက်ပြီးမေးတယ်။ ပညာရေးဌာနက အဲဒီမေးခွန်းကို မေးခိုင်းပါသလားတဲ့၊ ကျွန်တော်တော့ တစ်ခုတော့ဖြေလိုက်တယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကို မေးခွန်းမေးရင် ဟိုလိုလို ဒီလိုလို ဝေ့ဝိုက်ဖြေတဲ့ ပညာရေးဝန်ကြီးဌာနကို လုံးဝသဘောမကျဘူးလို့ ဒီတစ်ခွန်းပဲ ဖြေခဲ့တယ်။

သို့ဖြစ်ပါ၍ ကျောင်းမြေမှ ရယူထားပြီး အသုံးပြုခြင်းမရှိတော့သည့် တိုင်းရင်းဆေးရုံ အဆောက်အအုံပါ မြေယာကို ပြန်လည်စွန့်လွှတ်၍ ပညာရေးပိုင်မြေအဖြစ် ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ။ စွန့်လွှတ်မည်ဆိုပါက မည်သည့်အချိန်တွင် စွန့်လွှတ်သွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျောင်းသားမိဘများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်းကျေးရွာ၊ ကျန်းမာရေးဌာနခွဲကို ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ဗိုလ်မင်းကျေးရွာ၊ ပြောင်းဆိပ်ကျေးရွာ၊ အောင်ဇေယျကျေးရွာတို့တွင် ကျန်းမာရေးဌာနခွဲများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်းကျေးရွာ၊ ကျန်းမာရေးဌာနခွဲကို ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ဗိုလ်မင်းကျေးရွာ၊ ပြောင်းဆိပ်ကျေးရွာ၊ အောင်ဇေယျကျေးရွာတို့တွင် ကျန်းမာရေးဌာနခွဲများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် လူဦးရေ(၂၁၆၉၄၈)ဦးရှိပြီး ကျေးရွာပေါင်း(၂၈၃)ရွာရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် မြို့ပေါ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံ(၁)ရုံနှင့် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၂)ရုံတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးနေခြင်း ဖြစ်ပါတယ်။ အခုလပိုင်းအတွင်းမှာတော့ ဝဲကြီးဒေါင့်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံကို ဖွင့်လှစ်ခဲ့ပြီး ကန်စောက်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ဆောက်လုပ်နေပါတယ်။ ကျန်းမာရေးဌာန(၆)ခုရှိပြီး ဆင်အိုးချိုင်ကျေးရွာ ကျန်းမာရေးဌာနနဲ့ ပီထုကျေးရွာ ကျန်းမာရေးဌာနတို့ကို ဌာနဖွင့်လှစ်ပေးမည်ဟု ကတိခံခဲ့သော်လည်း ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါ။ ကျန်းမာရေးဌာန(ခွဲ) (၃၃)ခုရှိပြီး ဌာနခွဲ(၃)ခုကိုလည်း အသစ်ဖွင့်လှစ်ပေးမည်ဟု ပြောဆိုမှုရှိခဲ့သော်လည်း ယနေ့တိုင် ဖွင့်လှစ်မှုမရှိသေးကြောင်း သိရပါတယ်။

ယခု ကျွန်တော်မေးမြန်းတဲ့ ဒုက္ကံချောင်းကျေးရွာမှာ အိမ်ခြေ(၃၅၆) အိမ်၊ လူဦးရေအားဖြင့် (၁၅၀၃)ဦးနေထိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ဒုက္ကံချောင်းကျေးရွာအနီးတစ်ဝိုက်ကျေးရွာများမှာ ကျေးရွာပေါင်း(၁၄)ရွာရှိပြီး လူဦးရေ(၁၀၀၀၀)ကျော်ကို လွှမ်းခြုံနိုင်ပါတယ်။ မြို့ပေါ်ဆေးရုံနဲ့ (၁၂)မိုင်ခန့်ဝေးကွာပြီး အပေါက်ဝတိုက်နယ်ဆေးရုံ ကျန်းမာရေးဌာနတို့နဲ့ (၄)မိုင်ခန့် ကွာဝေးပါတယ်။ ဒုက္ကံချောင်းကျေးရွာနဲ့ အပေါက်ဝကျေးရွာမှာ မြေသားလမ်းအဆင့်သာရှိနေပြီး မိုးရာသီတွင် သွားလာရေးအဆင်ပြေမှုမရှိပါ။ နွေရာသီလောက်သာ အဆင်ပြေပါတယ်။ ဤနယ်မြေတွင် ကျန်းမာရေးဌာန

တစ်ခုကို ဖွင့်လှစ်ပေးသင့်ပြီး အနီးဆုံးကျေးရွာများကိုလည်း ကျန်းမာရေးဌာန(ခွဲ)အဖြစ် ဖွင့်လှစ်ပေးလိုက်ပါက ကျေးရွာများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အဆင်ပြေစေနိုင်မှာ ဖြစ်ပါတယ်။ ကျန်းမာရေးဌာန(ခွဲ)များအဖြစ် ဖွင့်လှစ်ပေးရန်အတွက် အခုကျွန်တော်မေးမြန်းတဲ့ ဗိုလ်မင်းကျေးရွာ၊ အောင်ဇေယျကျေးရွာ၊ ပြောင်းဆိပ်ကျေးရွာတို့မှာ သင့်တင့်တဲ့ လူဦးရေရှိပြီး အနီးအနားမှ ကျေးရွာများလည်း ရှိနေပါတယ်။ ဖွင့်လှစ်ပေးသင့်တဲ့ ကျေးရွာများအဖြစ် တင်ပြလိုပါတယ်။ ဗိုလ်မင်းကျေးရွာမှာ လူဦးရေအားဖြင့် (၁၇၀၀)ကျော်ရှိပြီး ဒုက္ကံချောင်းကျေးရွာနှင့် (၃)မိုင်ကွာဝေးပါတယ်။ အောင်ဇေယျကျေးရွာမှာ လူဦးရေ(၆၀၀)ခန့်ရှိပြီး ဒုက္ကံချောင်းကျေးရွာနှင့် (၅)မိုင်ခန့်ကွာဝေးပါတယ်။ ပြောင်းဆိပ်ကျေးရွာမှာ လူဦးရေ(၆၀၀)ကျော်ရှိပြီး ဒုက္ကံချောင်းကျေးရွာနဲ့ (၅)မိုင်ကျော်ကွာဝေးပါတယ်။

ကျွန်တော်တို့ ဒေသတွေမှာ ဆင်းရဲကြပြီး လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်မှုမရှိတဲ့အတွက် ကျန်းမာရေးကိစ္စဖြစ်ပြီဆိုရင် စနစ်တကျ စောင့်ရှောက်မှုကို မရကြဘဲ ရမ်းကုများနှင့်သာ ကုသနေရ၍ အသက်ဆုံးရှုံးမှုများလည်း ရှိနေကြပါတယ်။ ကျွန်တော်တို့ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားတဲ့ မူဝါဒတိုင်းတာမှုအရ မပြုလုပ်စေလိုပါ။ ကျွန်တော်တို့ဒေသတွင် ကျေးရွာတစ်ရွာနှင့်တစ်ရွာ (၃)မိုင်၊ (၅)မိုင်ဆိုပေမယ့် သွားလာရေးခက်ခဲတဲ့အရပ်ဒေသတွေ ဖြစ်ပါတယ်။ လမ်းများစနစ်တကျမရှိတဲ့အပြင် ရေလမ်းကိုပဲ အားကိုးရတဲ့အရပ်ဒေသ တစ်ခုဖြစ်ပါတယ်။ လူဦးရေအရလည်း သတ်မှတ်ဦးရေပြည့်မီမှဆိုသည့် စံကိုက်ကိုလည်း သုံးသပ်ပေးစေလိုပါတယ်။ ဒါတွေကို ဖြေလျှော့ပေးမှသာ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုကို ရကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသ ဖွံ့ဖြိုးမှု နောက်ကျမှုကို ကြည့်ရှုပြီး ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်းကျေးရွာ ကျန်းမာရေးဌာန(ခွဲ)အား ကျန်းမာရေးဌာနအဆင့်တိုးမြှင့်ပေးရန်နှင့် ဗိုလ်မင်းကျေးရွာ၊ ပြောင်းဆိပ်ကျေးရွာ၊ အောင်ဇေယျကျေးရွာတို့အား ကျန်းမာရေးဌာန(ခွဲ)များအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး

ဖြစ်ပါတယ်။ မေးခွန်းများအနက် ပထမမေးခွန်းကိုတော့ အချိန်ပိုယူပါမယ်။ ကျန်တဲ့ မေးခွန်းတွေကတော့ တိုပါတယ်။ အချိန်ပိုပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် ဦးအောင်ကြည်ညွန့် ရဲ့ မေးခွန်းဟာ တော်တော်လေး ကျယ်ပြန့်တဲ့ မေးခွန်းဖြစ်တဲ့အပြင် နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ သတ်မှတ်မယ်ဆိုရင် ဒါ National Emergency ပေါ့၊ အဲဒီလို အခြေအနေကို ဖြစ်ပါတယ်။ ဒီ မေးခွန်းမေးတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်။ ပထမဆုံး ကျွန်တော် ဖြေမှာကတော့ ကျွန်တော်တို့ ဘာလုပ်နေလဲဆိုရင် Post Marketing Service ပေါ့၊ ဈေးကွက်အတွင်း ထောက်လှမ်းခြင်းကို လုပ်ပြီးတော့ တွေ့တဲ့ဟာတွေကို သိမ်းတယ်။ ဖျက်ဆီးတယ် လုပ်ပါတယ်။ နောက်ပြီးတော့ ထပ်ပြီးတော့ ထုတ်လုပ်တဲ့နေရာအထိ ကျွန်တော်တို့ သွားပါတယ်။ ထုတ်လုပ်တဲ့နေရာ ရောက်တဲ့အခါမှာ ကျွန်တော်တို့ဟာ နည်းနှစ်နည်းနှင့်လုပ်ပါတယ်။ ပထမတစ်နည်းက စီမံခန့်ခွဲရေး နည်းလမ်း၊ ဒုတိယတစ်နည်းကတော့ တရားစွဲဆိုခြင်းပေါ့။ စီမံခန့်ခွဲရေး နည်းလမ်းကတော့ ပထမဦးဆုံး သူတို့ကိုပညာပေးပါတယ်။ နောက်ပြီးတော့ ခံဝန်ကတိတွေ ထိုးခိုင်းပါတယ်။ ပြီးရင် မရရင် ရောင်းခွင့်ကို ပိတ်ပါတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ တရားစွဲပါတယ်။ ဒီ နည်းနှစ်ခုနှင့် ကျွန်တော်တို့ လုပ်နေပါတယ်။ ဒါကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ အစားအသောက်နှင့် ဆေးဝါးဥပဒေက ၁၉၉၇ ခုနှစ်က ထုတ်ထားတဲ့ ဥပဒေဖြစ်ပြီးတော့ ၂၀၁၃ ခုနှစ်မှာ ပြန်ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ ဒါကိုကြည့်လိုက်တဲ့အခါမှာလည်း လုံလောက်မှု မရှိပါဘူး။ ထိရောက်မှု တော်တော်နည်းတဲ့အတွက် ဒီဟာကို ကျွန်တော်ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့ ရှေ့နေချုပ်ရုံးသို့ ရောက်နေပြီ ထင်ပါတယ်။ ဒီဥစ္စာကို ပြင်ပြီးရင်တော့ ကျွန်တော်တို့က ဒီဥပဒေဟာ နည်းနည်းပိုပြီးတော့ ထိရောက်လာမယ် ဆိုတာကို ပြောလိုပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနှင့် ဆက်ဖြေရမယ်ဆိုရင် အမှန်တရားကတော့ Root Cause ပေါ့၊ ပင်ရင်းဇစ်မြစ်ကို ကျွန်တော်တို့က ကိုင်တွယ်မှုဖြစ်မယ်။ ဒီမှာ ဆေးဆိုးပါတဲ့ အစားအသောက် ဒီဟာတွေကို လုပ်မယ်ဆိုရင် ပြည်တွင်းမှာ ရောင်းတဲ့ အစားအသောက်ရှိတယ်။ အခြားနိုင်ငံက ဝင်တဲ့ အစားအသောက်ရှိပါတယ်။ အခြားနိုင်ငံကဝင်တဲ့ ဒီဆေးဆိုးပါတာ၊ မထည့် သင့်တဲ့အရာ ထည့်ထားတာကို လုပ်ဖို့ရာ ကျွန်တော်တို့ တာဝန်မဟုတ်ပါဘူး။ Custom Department ဖြစ်ပါတယ်။ Custom Department က အရမ်းတင်းကြပ်ပြီး ပိတ်ပင်ဖမ်းဆီးလုပ်ရင် ဒါ ပြဿနာရှင်းသွားမယ်။ အဲဒီတော့ သူတို့ Custom Department က ပိတ်ပင် ရှင်းလင်းဖို့ရာအတွက်ကိုလည်း ကျွန်တော်တို့မှာ ဒီ နယ်စပ်ဒေသမှာရှိတဲ့ Lab တွေကို ကျွန်တော်တို့ ဓာတ်ခွဲခန်းတွေကို အဆင့်မြှင့်ပြီး လုပ်ထားပြီးပါပြီ။ အဓိကကတော့ Custom Department နှင့် ကျွန်တော်တို့ နယ်စပ်မှာရှိတဲ့ ကျွန်တော်တို့ ရုံးပေါ့၊ အစားအသောက် FDA ရုံးတွေနှင့် ပေါင်းပြီး လုပ်လို့ရှိရင် မရနိုင်စရာ အကြောင်းမရှိပါဘူး။ Custom Department က လွှတ်လိုက်လို့ရှိရင် ကျွန်တော်တို့ ဘာမှမတတ်နိုင်တော့ဘူး။ ဒီ အစားအသောက် တွေက ဘယ်ကိုရောက်သွားသလဲ။ ဘယ်သူ့မှ Trace လုပ်လို့လည်း မရနိုင်ဘူး။ အဲဒါရှိပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနှင့်ကတော့ ဝန်ကြီးဌာန(၂)ခုဟာ လုံးဝပေါင်းရမယ်။ ပေါင်းခြင်းဆိုတာ ဒါတော်တော်ကို အရေးကြီးပါတယ်။ National Emergency ဖြစ်ပါတယ်။ တစ်ပြည်လုံး ဒုက္ခ ရောက်မှာပါ။ လမ်းပေါ်မှာလျှောက်တဲ့သူကအစ ကျွန်တော်တို့ ထိပ်ဆုံးအထိ၊ နိုင်ငံတော်သမ္မတ အထိကို၊

အကုန်လုံးက ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အပါအဝင် စားနေတာ အကုန်လုံးက။ ဒါတွေဟာ နေ့စဉ် ဒုက္ခရောက်နေတာပါ။ ဒါကို ကျွန်တော့်အနေနှင့်လည်း ဆက်ပြီးလုပ်ဖို့ အများကြီး ရှိပါတယ်။ ကျွန်တော် တင်ပြပါမယ်နော်။

နောက်တစ်ချက်ကတော့ ဇာစ်မြစ်ကို လုပ်မယ်ဆိုရင် ကျောင်းမှာရှိတဲ့ ဆရာ၊ ဆရာမတွေက ကျောင်းသားတွေကို ပြောရမယ်။ ပြောလည်းပြောပါတယ်။ ဒါပေမဲ့ ပိုပြီးထိရောက်ဖို့လိုတယ်။ တစ်ပတ် တစ်ခါ၊ တစ်လတစ်ခါ၊ ဒီ အစားအသောက်တွေစားရင် ဘာဖြစ်နိုင်မယ်။ ဒါ ကျွန်တော်တို့ဘက်က ကျောင်းကျန်းမာရေးအဖွဲ့(၈၀)ကျော်ရှိပါတယ်။ ဒါနှင့်ပေါင်းပြီးလုပ်ရမယ်။ ဒါကလည်း ပညာရေး ဝန်ကြီးဌာနနှင့်က စီမံချက်ချပြီး လုပ်မှဖြစ်မယ်။ လုပ်တဲ့ကျောင်းကလုပ်တယ်။ မလုပ်တဲ့ကျောင်းက မလုပ်လို့ မရပါဘူး။ ပညာရေးဝန်ကြီးနှင့် ကျွန်တော်တို့ ထိုင်ပြီးတော့ ဘယ်လိုလုပ်မလဲ တစ်ပြည်လုံးမှာကို ကျွန်တော်မှာ ကျောင်းကျန်းမာရေးအဖွဲ့တွေရှိတယ်။ မြို့နယ်ဆရာဝန်တွေ ရှိတယ်။ ကျန်းမာရေးမှူး တွေရှိတယ်။ ဘယ်လိုလုပ်မလဲ။ တစ်လတစ်ခါ သို့မဟုတ် နှစ်လတစ်ခါ အနည်းဆုံး။ မဟုတ်ရင် သုံးလတစ်ခါ အခြေအနေကို ကြည့်ပြီးတော့ မလုပ်လို့မရပါဘူး။ ဆိုတော့ ဒီ ကျောင်းသားတွေသည် ဒါကိုစားရင် အန္တရာယ်ရှိတယ် ဆိုတာကို သူတို့သိရင် မဝယ်တော့ဘူး။ မစားတော့ဘူး။ သူတို့မဝယ် မစားဘူးဆိုရင် ဈေးရောင်းတဲ့သူတွေက ရောင်းလို့မရတော့ဘူး။ သူတို့ မရောင်းတော့ဘူး။ ကျောင်းသားတွေ စားသမျှကာလပတ်လုံး သူတို့က ရောင်းမှာပဲ။ အဓိကကတော့ ဘာလဲဆိုတော့ ကျွန်တော်တို့ Health Literacy ပေါ့။ ကျောင်းသားတွေမှာ Health Literacy ကျန်းမာရေး အသိပညာ၊ အစားအသောက်နှင့်ဟာတွေကို ယခုထက် ပိုမိုပြီးလုပ်ရမယ်။ ပုံမှန် အေးအေးဆေးဆေး လုပ်လို့မရဘူး။ ဒါ National အမျိုးသားအဆင့်ကို အရေးကြီးနေပါပြီ။ မဟုတ်ရင် ဒီကလေးတွေက အခုမဖြစ်ဘူး။ နောက် ကြာလို့ရှိရင် အသည်းကင်ဆာ ဖြစ်မယ်။ Kidney ကျောက်ကပ်၊ အသည်း၊ နောက် ဦးနှောက် ဒါတွေက အဓိက ရေးထားတယ်။ အစာအိမ်လမ်းကြောင်းတစ်လျှောက်မှာ ရောဂါ တွေရမယ်။ ဖြစ်လာမှရောဂါရရင် ကျွန်တော်တို့ ဘာမှလုပ်လို့ မရတော့ဘူး။

အဲဒီတော့ မဖြစ်ခင်က လုပ်ဖို့ဆိုတာက အခုမကြာခင် ဒါကို ကျွန်တော်တို့ ပြန်တွေ့ဖို့ လုပ်မယ်။ ကျွန်တော်တို့ လုပ်နေပါတယ်။ FDA ကတော့ တော်တော်လုပ်နေပါတယ်။ သို့သော်လည်း ကျွန်တော်တို့ လုပ်တာကို ဒီ ပညာရေးဝန်ကြီးဌာနတို့၊ Custom တို့က၊ ရဲပေါ့၊ ပြည်ထဲရေး သူတို့က ပံ့ပိုးရမယ်။ ကျွန်တော်တို့က တရားစွဲတယ်။ တရားစွဲတာ အမှုက (၁)လလောက် (၁၀)လလောက် ကြာ နေပြီ။ ဘာမှမဖြစ်ဘူး။ အဲဒီတော့ ဒီလိုကိစ္စမျိုးမှာ တရားစွဲပြီး အမှုချမယ်ဆိုရင် (၁)လအတွင်း အမှုကို တရားသူကြီးက အမိန့်ချမှတ်ရမယ်။ ဒါမှဖြစ်မယ်။ ဒီ တရားရေးကိစ္စမှာ (၇)လ၊ (၈)လ၊ (၁)နှစ်မပြီးဘူး။ ဒီကြားထဲမှာ အများကြီး ဖြစ်နေတယ်ဆိုတာလည်း အကုန်သိပါတယ်။ အဲဒီလိုသွားလို့ကတော့ မရပါဘူး။ ကျွန်တော်တို့ နိုင်ငံက ဒုံရင်းဒုံရင်းပဲ ဖြစ်မယ်။ အဲဒါကိုတော့ ပြတ်ပြတ်သားသားလုပ်ဖို့ လိုပါတယ်။

နောက်တစ်ချက်က အခု ကျွန်တော်ပြောတဲ့ ပညာပေးတွေလုပ်ဖို့အတွက် ကျွန်တော်တို့က အကြီးအကျယ်လုပ်နေပါတယ်။ ဒီ စက်တင်ဘာလ ၂၃ ရက်နေ့ ကျွန်တော်တို့ Standardize Health Message ဆိုတဲ့ စာအုပ်ကြီးကို Range လုပ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံကလည်း သဝဏ်လွှာပို့ ပါတယ်။ ဒီ စာအုပ်ကြီးက ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ (၂၀၀၀၀)ကျော်သော Basic Health Services

Program ကျန်းမာရေးမှူးတွေ၊ $BHS_1$၊ $BHS_2$ ပြည်သူ့ကျန်းမာရေးလုပ်သား တစ်နှစ်၊ နှစ်နှစ်၊ သားဖွား ဆရာမတွေ အကုန်လုံးကိုင်ပါတယ်။ ကိုင်ပြီးတော့ အိမ်တိုင်ရာရောက်ပါ။ သူတို့ အလုပ်က အိမ်တိုင်ရာ ရောက်ပါ သွားတဲ့အလုပ်ပါပဲ။ အဲဒီမှာတွေ့ရင် သူတို့က ပညာပေးမယ်။ အဲဒါ တစ်ခုပဲ ရှိပါတယ်။ အဲဒီစာအုပ်ကြီးမှာ ကျွန်တော်က မြန်မြန်ထုတ်လိုက်တဲ့အတွက် (၃)ခု ကျန်သွားပါတယ်။ အစားအသောက် ကျန်သွားတယ်။ တိုင်းရင်းဆေး ကျန်သွားတယ်။ အားကစား။ အခုလုပ်နေပါပြီ။ လာမယ့်(၁)လအတွင်း ဒုတိယတွဲ ထွက်မှာပါ။ အဲဒါဆိုလို့ရှိရင် အစားအသောက်နဲ့ဟာတွေ အကုန်ပါတယ်။ ဘယ်အစားအသောက် အန္တရာယ်ရှိတယ်။ အကုန်လုံးပါတယ်။

အဲဒီတော့ ဒီကိစ္စနှင့် ပတ်သက်လို့လည်း ဒီစာအုပ်ကြီးက ဒီလောက်လောက်ထုပါတယ်။ သူတို့ သယ်ဖို့ အစက ရည်ရွယ်တော့၊ သယ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အတွက် ကျွန်တော် Tablets တွေကို အခု(၃၀၀၀)ဝယ်မယ်။ နောက် လာမယ့်(၆)လအတွင်းကို (၁၅၀၀၀)ဝယ်မယ်။ သူတို့ Tablets နဲ့ပဲ ပေးတော့မယ်။ အကုန်လုံးကို။ သူတို့က ဒါလေးတွေကိုင်သွားမယ်။ အကုန်နှိပ်လိုက်ရင် အကုန်ပေါ် မယ်။ ဒီ Tablets ပေးခြင်းအားဖြင့် ခုန ကျွန်တော်ထပ်ပြီးတော့ ပညာပေးတာတွေကို ဒီက Electronic Keys ကနေ ဆက်ထည့်ပေးလို့ရတယ်။ App တွေ ထည့်ထားတယ်။ အဲဒီတော့ ဒီလိုလုပ်မှသာလျှင် ကျွန်တော်တို့ နိုင်ငံက ကျန်းမာရေးတိုးတက်မယ်။ ကျန်းမာရေးတိုးတက်ဖို့ဆိုတာ ကျန်းမာရေး အသိပညာကောင်းမှတက်မယ်။ ကျနိတာတွေ လျှောက်လုပ်လို့ ဘယ်လိုမှမရဘူး။ ကျွန်တော်ဆိုလို့ရှိရင် အစားအသောက်ဝယ်လို့ရှိရင် Expire Date ကို ကြည့်လိုက်တယ်။ ထုတ်လုပ်တဲ့ ကုမ္ပဏီပါလား၊ တယ်လီဖုန်းနံပါတ်၊ ဒါမှ ကျွန်တော်ဝယ်တယ်။ ဒါမှမဟုတ်ရင် လုံးဝမစားဘူး။ အလားတူစွာ ပြည်သူများ အားလုံး၊ အခု ကျောင်းတွေမှာရှိတဲ့ ကျောင်းသားများအားလုံးက ဒီလိုလုပ်မှ ဖြစ်မယ်။ ဒီလိုလုပ်မှ ဖြစ်မယ်ဆိုတော့ ကျောင်းတွေမှာကြည့်ရင် ကျွန်တော်တို့က ကျောင်းကျန်းမာရေး ဆရာဝန်က သွားပြီး တော့ ဟောပြောမယ်။ ကိုယ်က ဟောပြောလို့မရပါဘူး။ Peer Group ပါ လုပ်ရမယ်။ ကျောင်းသား တွေကို ပြန်ပြောခိုင်းရမယ်။ ကျောင်းသားဆိုတာ အချင်းချင်းပြောတာကို ပိုပြီး နားထောင်တယ်။ ပိုလည်း လေးစားတယ်။ အဲဒီတော့ အဲဒါကိုလည်း ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းပြီး တော့ ကျွန်တော်တို့ လုပ်ဖို့ရှိတယ်။ မဟုတ်လို့ရှိရင်တော့ မရပါဘူး။

နောက်တစ်ချက်က ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးမှာ Basic Plan ရှိပါတယ်။ Agent Host Environment ဆိုတော့၊ ရောင်းတဲ့သူတွေကိုလည်း ပညာပေးရမယ်။ ရောင်းတဲ့လူကိုပဲ ပညာပေးတယ်ဆိုတာ ကျင့်ဝတ်။ ခင်ဗျားတို့ အမြတ်တစ်ခုတည်းကိုပဲ မကြည့်ပါနှင့်။ ခင်ဗျားတို့ ဒီဟာကို ရောင်းခြင်းအားဖြင့် ခင်ဗျားတို့ ကလေးတွေကလည်း အခြားကျောင်းတွေမှာ ရှိမှာပါပဲ။ စားမှာ ပါပဲ။ ရေရှည်မှာ ဒုက္ခရောက်မယ်။ ဒီဟာတွေကို လုပ်ရမယ်။ အဓိကကတော့ ပညာပေးလုပ်ငန်းတွေကို လုပ်ရမှာပေါ့နော်။ အကောင်းဆုံးနှင့် အထိရောက်ဆုံး ငွေကြေးအသက်သာဆုံးကတော့ ခုနက ကျန်းမာရေးပညာ (Health Literacy Level) ကို ကျွန်တော်တို့က လုံးဝမြှင့်ရမယ်။ ဒါ အရမ်း အရေးကြီးပါတယ်။ ကျွန်တော်တို့ ဒါတွေလည်း လုပ်နေပါတယ်။ လုပ်နေပေမယ့် အခုဆိုလို့ရှိရင် ပထမဆုံး သတင်းစာထဲမှာ လွှတ်တော်ကိုယ်စားလှယ်များ တွေ့မှာပါ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ စပြီး လုပ်ပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် ကြွရောက်ပါတယ်။ လူမှုရေးဝန်ကြီး ကြွပါတယ်။ Standardize

Health Message ဆိုတဲ့ စာအုပ်ကြီးကို Range လုပ်တာပါ။ တိုင်းနှင့်ဒေသကြီး ပြည်နယ်အကုန်လုံး တစ်ခုပြီးတစ်ခု သွားမှာပါ ကျွန်တော်တို့က စလုပ်နေပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ စလုပ်တယ်။

ဒီဥစ္စာကတော့ ကျွန်တော်ဆိုလိုတာ အခုမလုပ်လို့ရှိရင် ရေတိုမှာ ဒုက္ခရောက်မယ်။ ဝမ်းလျှောမယ်။ ရေရှည်မှာတော့ ခုနပြောတဲ့ အသည်းကင်ဆာအစ ကျောက်ကပ် အကုန်လုံးသွားမှာပါ။ လုပ်တဲ့အခါမှာ ကျွန်တော်တို့က ဒီနေရာမှာဘဲ တင်ပြချင်တာက FDA တစ်ခုတည်း လုပ်လို့မရဘူး။ ကျောင်းကျန်းမာရေး၊ ကျောင်းဆရာလုပ်လို့မရဘူး။ မြန်မာနိုင်ငံ စားသုံးသူများအသင်းကလည်း ပါဝင်မယ်။ သူတို့က တစ်ပြည်လုံးမှာရှိတယ်။ ပြီးခဲ့တဲ့ စောစောတုန်းက ဦးဘအုန်း ပေါ့၊ ဦးဘအုန်း နှင့် ကျွန်တော်တွေ့ပြီးပါပြီ။ ဘယ်လိုလုပ်မယ် ကျွန်တော်တို့ စဉ်းစားနေပါတယ်။ နောက်တစ်ခါ ပြည်တွင်းမှာရှိတဲ့ NGO တွေ အများကြီးရှိပါတယ်။ ဒီ NGO တွေကိုလည်း ကျွန်တော်က ပညာပေးပြီး၊ သူတို့သွားတဲ့အခါမှာ အကုန်ပညာပေးရမယ်။ နောက်တစ်ချက်က ကျွမ်းကျင်မှုပိုင်း ဆိုင်ရာမှာတော့ FDA က ပေးမယ်။ Lab တွေပေးမယ်။ နောက် Media တွေ ပါရမယ်။ ဒီဟာပေါင်းလုပ်မှရမယ်။ ကျွန်တော် FDA က တစ်နေ့ကို (၄၈)ယောက်လောက် လုပ်တာတောင် မရနိုင်ပါဘူး။ Media က အရမ်းအရေးကြီးပါတယ်။ ဒါတွေအကုန်ပါရမယ် ဖြစ်တဲ့အပြင် အဓိက ကတော့ ကျောင်းပဲ။ ကျောင်းသား၊ မိဘ၊ ဆရာအသင်းတွေပါရမယ်။ ဆေးဆိုင်တွေပါအကုန်၊ ကျွန်တော် တို့က မန္တလေးမှာဆိုရင် ဒီလိုလုပ်ပါတယ်။ ဒီ ဓာတုဆိုးဆေး ကင်းစင်တဲ့ဟာကို Approve လုပ်တယ်။ ဒါ ကပ်ပေးလိုက်တယ်။ အကယ်၍ ကပ်ပေးပြီးသား တစ်သက်လုံးမဟုတ်ဘူး။ ရံဖန်ရံခါ စစ်လို့ တွေ့ရင် ဒါကိုပြန်ဖြုတ်မယ် ကျွန်တော်၊ ဒါတွေ ဆိုင်တွေကလည်း ဂုဏ်ယူတယ်။ သူ့ဆိုင်ရှေ့မှာ ဒါကပ်လို့ရှိရင် လူတော်တော်များများက သူ့ဆိုင်မှာလာဝယ်တော့မယ်။ ဒါ မန္တလေးမှာ ကျွန်တော်တို့ စလုပ်တာပါ။ နောက်ပိုင်းလည်း ကျွန်တော်တို့ လုပ်ဖို့ရှိပါတယ်။

ဒါတွေက Project တင် ဒါတွေက ကျွန်တော်မပြောတော့ပါဘူး။ အများကြီးရှိပါတယ်။ နောက်တစ်ချက်က မည်သို့ စီစဉ်ဆောင်ရွက်နေသည်ဆိုတာကတော့ ကျွန်တော်တို့က ၂၀၁၇ ခုနှစ်ကို ကျွန်တော်တို့က The Year of Post Market Surveillance ဈေးကွက်ထောက်လှမ်းရေးကို ပိုပြီးလုပ်တဲ့နှစ်လို့ သတ်မှတ်ထားပြီး ဒါ ကနဦးနှစ်ပေါ့၊ ဆက်တိုက် ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ကျွန်တော်တို့ သွားတော့မယ်။ Post Marketing Service ဆိုတာ အရမ်းအရေးကြီးပါတယ်။ ရံဖန်ရံခါ ရှောင်တခင် ဝင်စစ်၊ စစ်ပြီးတော့ တွေ့တာကို အရေးယူ၊ ဒါတွေကို ကျွန်တော်တို့ လုပ်ပါတယ်။ အကြောင်းကြားမယ်။ ရှောင်တခင် ဝင်စစ်မယ်။ အဲဒီတော့ ဌာနပေါင်းစုံဖြစ်တဲ့အတွက် ကျွန်တော်တို့ စစ်တဲ့အခါမှာလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်က မြင်တယ်။ ကျွန်တော်တို့ FDA က ယူနီဖောင်းလေးတွေနှင့် ဦးထုပ်နှင့် ဒါတော်တော်လေး သေသေသပ်သပ်ဖြစ်ပါတယ်။ ဒါ တော်တော်ကောင်းတဲ့ဟာ ဖြစ်ပါတယ်။ ကျွန်တော် စစ်တာတွေကတော့ မပြောတော့ပါဘူး။ ၂၀၁၇ ခုနှစ်မှာဆိုရင် အစားအသောက်၊ ကျောင်းတွေက နမူနာပေါင်း (၁၁၃၄၀)ရှိပြီး၊ (၁၀၈၄)ခုဟာ စားသုံးရန်မသင့်ဘူး တွေ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်ကတည်းက ၂၀၁၅-၂၀၁၆ မှာလည်း စစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာဆိုရင် လည်း နမူနာ တိုင်းနှင့်ပြည်နယ် အကုန်ပြည့်သွားပါပြီ။ အကုန်လုံးစစ်တာ။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ အစားအသောက်နမူနာ (၂၂၇၈)ခု စစ်တဲ့အခါမှာ နည်းနည်းတော့ လျော့လာပြီး (၂၅)မျိုးမှာပဲ တွေ့တော့တယ်။ ဒါ တဖြည်းဖြည်း ဆက်ပြီးတော့ ထိန်းဖို့လိုပါတယ်။ အဲဒါလေးတွေ ကျွန်တော်တို့

လုပ်ပါတယ်။ လုပ်တဲ့အခါမှာ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ နောက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီနှင့် အကုန်ပေါင်းပြီး လုပ်ပါတယ်။ ဒါတစ်ချက်ပါ။

နောက်တစ်ချက်က ဒုတိယအချက်အနေနဲ့ကတော့ နိုင်ငံခြားဘာသာ သက်သက်ဖြင့် ရေးသား ထားသော အစားအသောက်များနှင့် စပ်လျဉ်း၍ မြန်မာဘာသာနှင့် ရေးသားဖော်ပြရမည် ဆိုတာ ကတော့ ကျွန်တော်တို့မှာ ဥပဒေမရှိသေးပါဘူး။ ဒါက အရေးကြီးတဲ့ ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်ယောက်တည်း လုပ်လို့မရပါဘူး။ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရော၊ အခြား သက်ဆိုင်ရာ ခုန အသင်းအဖွဲ့တွေကလည်း အကြံဉာဏ်ပေးပြီးမှ ဒါဘယ်လိုလုပ်သင့်တယ်ဆိုတာကို စဉ်းစားဖို့လိုပါ တယ်။ အဲဒါလေးရှိပါတယ်။ နောက် နေပြည်တော်မှာလည်း ကျွန်တော်တို့ လုပ်ပါတယ်။ ဒါတွေမပြော တော့ပါဘူး။ အခု ကျောင်းတွေ အများကြီးစစ်ပါတယ်။ နောက်တစ်ခုက ခုနပြောတဲ့ အထည်အလိပ် ဓာတုဆိုးဆေးမှာ ဈေးကွက်အတွင်း အလွယ်တကူ သုံးစွဲနိုင်ခြင်းဆိုတာကတော့ နိုင်ငံတကာမှာ ဒါကို ထိန်းချုပ်ထားတာ မရှိပါဘူး။ လွတ်လပ်စွာ ရောင်းလို့ရပါတယ်။ အဲဒီတော့ ဒီဟာကို လွတ်လပ်စွာ ရောင်းလို့မရအောင်ဆိုလို့ရှိရင် ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ ကျွန်တော်တို့ ဘယ်သူ့ကိုပဲ ရောင်းရမယ်ဆိုတာကို သီးသန့်လုပ်ရင်ရပါတယ်။ လာဝယ်တဲ့သူသည် ဆိုးဆေးလုပ်တဲ့ ဒီ ဆေးဆိုးပန်းရိုက်လုပ်တွေကိုပဲ ရောင်းရမယ်။ ကျန်တဲ့လူတွေ လာဝယ်လို့ရှိရင် မရောင်းရဘူးဆိုတာ ကိုတော့ ဥပဒေနှင့် လုပ်လို့ရပါတယ်။ ကျွန်တော်တို့ လုပ်လို့မရပါဘူး။ တရားရေးဘက်က အကုန်လုံး ပေါင်းပြီးတော့ လုပ်ရမှာ၊ လွှတ်တော်လည်းပါမယ်။ တရားရေးလည်းပါမယ်။ ဘယ်လိုလုပ်မလဲ။ ဒါ အရမ်း အရေးကြီးပါတယ်။ မဟုတ်လို့ရှိရင် လက်လွတ်စပယ်နှင့် ဒီမှာလည်း ပိုအရေးကြီးတာက နယ်စပ်မှာ ရှိတဲ့ Custom မှာ ဒါကို သိမ်းရမယ်။ ဝင်လာလို့ရှိရင် ဘယ်ကို ပေးမှာလဲ။ ပေးမယ့်လူမရှိဘူး သူ ရောင်းတော့မယ်ဆိုရင် ဒါကို သိမ်းကို သိမ်းပစ်ရမယ်။ ရောင်းတာကတကယ့် ကျွန်တော်တို့ အစိုးရ မှတ်ပုံတင်ထားတဲ့ ဒီ ဓါတုဆိုးဆေးတွေကို ရောင်းခွင့်ပေးတဲ့လူကိုပဲ သွင်းခွင့်ပေးရမယ်။

မဟုတ်လို့ရှိရင် ဒီဟာ Custom က ကျော်ဖြတ်တာနှင့် ဘယ်ရောက်သွားမလဲ ကျွန်တော်တို့ မသိဘူး။ မသိရင် အကုန်လုံးဝယ်တော့မယ်။ အဲဒါက အရင် ကျွန်တော်တို့က Custom နဲ့ လုပ်ဖို့လို ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ တတိယမေးခွန်းဖြစ်တဲ့ Township Food and drug Supervising ကော်မတီပေါ့။ အစားအသောက်ဆေးဝါးနှင့် မြို့နယ်ကြီးကြပ်ရေးကော်မတီက ကျွန်တော်တို့က အခုမှ ကျွန်တော်တို့က ခရိုင်အဆင့်အထိပဲ ရောက်ပါသေးတယ်။ မြို့နယ်အဆင့် ကျွန်တော်တို့က Food and drug က မရောက်သေးပါဘူး။ အဲဒီတော့ ခရိုင်အဆင့်က လူတွေက နေပြီးတော့ ဒါကို ကျွန်တော်တို့ ဝင်ပြီးတော့ ကူညီပြီးလုပ်ပေးနေခြင်း ဖြစ်ပါတယ်။ အဲဒီကော်မတီက ရုံးတွေ မရှိသေးပါဘူး။ အဲဒီတော့ ရုံးမရှိတဲ့အတွက် ကျွန်တော်တို့ ကော်မတီနှင့် စပြီးတော့ ဆက်လက် လုပ်နေခြင်းဖြစ်ပါတယ်။ ကျွန်တော် ဒီကော်မတီမှာဆိုလို့ရှိရင် မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ Township Medicine Officer က ဥက္ကဋ္ဌ လုပ်ပါတယ်။ လက်ထောက်ကျန်းမာရေးမှူး ပါတယ်။ အထွေထွေ အုပ်ချုပ်ရေးမှူးပါတယ်။ ပြည်သူ့ရဲ ပါတယ်။ မြို့နယ်စည်ပင်ပါတယ်။ မြို့နယ် မွေးမြူရေးအဖွဲ့ ပါတယ်။ တော်တော်တော့ ကောင်းပါတယ်။ သူတို့လုပ်နေပါတယ်။

နောက်တစ်ချက် နိဂုံးချုပ်အနေနှင့်ကတော့ ဒီကိစ္စအတိုင်းအတာက တစ်နိုင်ငံလုံး ပြည်သူ့ကျန်းမာရေး ဒီအတိုင်းသာနေမယ်ဆိုရင် ကျွန်တော်တို့ တစ်နိုင်ငံလုံး ပြည်သူတွေရဲ့ ကျန်းမာရေးဟာ တဖြည်းဖြည်းကျဆင်းလာပြီး တစ်ချိန်ချိန်မှာတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဌာနက ဘယ်လောက်လုပ်လုပ် မကယ်တင်နိုင်တဲ့အခြေအနေကို ရောက်လာနိုင်ပါတယ်။ ရောဂါတွေ မျိုးစုံဖြစ်ပြီးတော့။ အဲဒါကြောင့် နောက်တစ်ချက်ကတော့ ကျွန်တော်တို့က ရောင်းတဲ့လူတွေနှင့် ခုနက ပြောတဲ့ ဆိုးဆေး Industry Dyes တွေကို ရောင်းတဲ့လူတွေနှင့် ဒီ အစားအသောက် ထုတ်လုပ်တဲ့ သူတွေကိုတော့ ကျင့်ဝတ်နှင့်လုပ်ဖို့တော့ လိုပါမယ်။ အမြတ်တစ်ခုတည်း မကြည့်ပါနှင့်။ သူတို့သည် ဒါကို ရောင်းရင် တကယ့်တကယ်ကတော့ ဒါကိုရောင်းရင် အမှန်အတိုင်းပြောရင် လူသတ်တဲ့သဘောပဲ ဖြစ်ပါတယ်။ Slow Killing ပေါ့။ ဖြေးဖြေးချင်း လူသတ်တဲ့သဘော ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဒီကိစ္စကို Top ပေါ့။ ပထမဦးစားပေး အနေနဲ့ ဆက်လက်ပြီး ဒီလာမယ့် ၂၀၁၈ မှာ အဓိကထားပြီး လုပ်မယ်ဆိုတာကို ကျွန်တော် တင်ပြလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ ဒါ ပထမဆုံး မေးခွန်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း၏ မေးခွန်းဖြစ်သော မြင်းမူမြို့ဆေးရုံ ခုတင်(၅၀)ကနေ ခုတင်(၁၀၀) ဆေးရုံကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဖြေပါမယ်။ စစ်ကိုင်းတိုင်း၊ မြင်းမူမှာတော့ ကျွန်တော်တို့က ခုတင် (၅၀)ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံအပြင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၂)ရုံရှိပြီး စုစုပေါင်းဆေးရုံ(၃)ရုံနဲ့ လုပ်နေတာ တွေ့ပါတယ်။ အဲဒီတော့ မြင်းမူဆေးရုံကို ကြည့်တဲ့အခါမှာတော့ ကျွန်တော်တို့က လမ်းပန်း ဆက်သွယ်ရေး တော်တော်ကောင်းတာ တွေ့ပါတယ်။ ခုတင်(၂၀၀)ရှိတဲ့ စစ်ကိုင်းတိုင်းဆေးရုံကြီးနဲ့ (၃၆)မိုင်၊ ခုတင်(၅၀၀)ရှိတဲ့ မုံရွာနဲ့လည်း(၃၆)မိုင်၊ ချောင်းဦးမြို့နယ်ဆေးရုံနဲ့ (၂၆)မိုင်၊ မြောင်မြို့နယ် ဆေးရုံနဲ့(၁၇)မိုင်၊ ရွာသစ်ကြီး တိုက်နယ်ဆေးရုံနဲ့(၂၂)မိုင်၊ တော်ချောင်းတိုက်နယ်ဆေးရုံနဲ့ (၁၇)မိုင်၊ ခွက်ခွင်း တိုက်နယ်ဆေးရုံနဲ့ (၁၂)မိုင်ပဲဝေးတာ တွေ့ပါတယ်။

ကျွန်တော်တို့ ဒီမှာ လူနာတွေရဲ့အခြေအနေကို (၅)နှစ်စာ ကြည့်လိုက်တဲ့အခါမှာတော့ ဘာသွားတွေ့သလဲဆိုတော့ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ မှာ နည်းနည်းတက်လာတာ တွေ့ပါတယ်။ ဆိုလိုတာက တစ်နှစ်အတွင်း လူနာက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို တက်လာပါတယ်။ တစ်နေ့မှာ ခုတင်(၅၀) ရှိသော်ငြားလည်း တစ်နေ့ပျမ်းမျှလူနာဟာ ၂၀၁၅ မှာ (၆၅)ယောက်၊ ၂၀၁၆ မှာ (၇၀)၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီမှ အောက်တိုဘာမှာ(၇၀) ကျွန်တော်တို့က Increasing Trend ပေါ့။ တက်လာတဲ့အခြေအနေ တွေ့ပါတယ်။

အလားတူစွာ ဆေးရုံခုတင် အသုံးပြုမှုမှာလည်း ပထမ ၂၀၁၃၊ ၂၀၁၄ မှာ (၁၀၀)အောက်ရှိသော်လည်း ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ မှာတော့ တက်လာတယ်။ (၁၃၀)၊ (၁၄၀)၊ (၁၄၄)။ အဲဒီတော့ ပျမ်းမျှဆိုရင် (၁၃၀)ရှိပါတယ်။ အဲဒီတော့ အခုလောလောဆယ်အခြေအနေကတော့ တက်လာတဲ့ Trend ပေါ့။ Increasing Trend ဖြစ်တဲ့အတွက် ချက်ချင်းတော့ပေးလို့မရပါဘူး။ (၁၅၀)ကျော်တယ်၊ ဆက်ပြီးတက်လာတယ်ဆိုရင်တော့ ကျွန်တော် ဒါကို စဉ်းစားဖို့လိုတယ်။ ကျွန်တော်က ဘာလို့ ဒီလို

စဉ်းစားဖို့ရတယ်ဆိုတဲ့ စကားကိုပြောလည်းဆိုတော့ ခုတင်(၅၀)မှာ ဝန်ထမ်း (၈၁)ယောက်ပဲရှိပါတယ်။ ဆရာဝန်က ရိုးရိုးဆရာဝန်တွေပဲ ထားပါတယ်။ ခုတင်ကလည်း ပြည့်ပါတယ်။ Ward မှာ (၇)ယောက် ရှိရမှာ (၇)ယောက်ရှိတယ်။ သွားဆရာဝန်(၁)ယောက်ရှိရမှာ (၁)ယောက်ရှိတယ်။ သူနာပြု (၂၃)ယောက် မှာ (၁၄)ယောက်ရှိတယ်။ နောက်ဝန်ထမ်းအားဖြင့် (၆၀)ရာခိုင်နှုန်းနဲ့လည်း လုပ်နေပါတယ်။

သို့သော် ကျွန်တော်တို့က ခုတင်(၁၀၀)ကို တက်လိုက်ပြီဆိုတာနဲ့ တော်တော်လေး ကျွန်တော်တို့မှာ ဒုက္ခရောက်တာမဟုတ်ပါဘူး။ တော်တော်ကို စဉ်းစားရတာပါ။ ဒီ Specialist တွေက အများကြီးလိုပါတယ်။ အထူးကု(၈)မျိုး ကျွန်တော်တို့က ပေးရတဲ့အပြင် ဝန်ထမ်းကလည်း (၂၀၁) ယောက် ဖြစ်သွားတယ်။ ခုတင်ကတော့ ပေးလို့ရတယ်။ ဒါပေမဲ့ ဝန်ထမ်းခန့်ဖို့ဆိုတာ မလွယ်ဘူး။ ပစ္စည်းပေးလို့ရတယ်။ ဆေးပစ္စည်းပေးလို့ရတယ်။ equipment တွေ အကုန်ပေးလို့ရတယ်။ ဒီ ဆရာဝန် Specialist (၈)မျိုးကို ရဖို့ဆိုတာက ဒီ တစ်တိုင်းပြည်လုံးနဲ့ စဉ်းစားရတယ်။ ကျွန်တော်တို့ တစ်တိုင်းပြည်လုံးမှာ ဆေးရုံပေါင်းက (၁၁၃၄)ရုံ ရှိတယ်။ ခုတင်(၁၆)ကတော့ (၇၂၉)ရုံရှိပြီးတော့ ကျန်တဲ့ ခုတင်(၅၀)၊ (၁၀၀)၊ (၂၀၀)၊ (၅၀၀)၊ (၁၀၀၀) အထူးကုတွေ အများကြီးရှိတဲ့အခါကျတော့ မြင်းမူ တစ်ခု တည်းကို ကျွန်တော်တို့က ကွက်ကြည့်လို့ မရဘူး။ ကျွန်တော်တို့က အပေါ်က အကုန်ကြည့်ရပါတယ်။ သို့သော်လည်း မြင်းမူကို ကွက်ကြည့်လို့ မရဘူးဆိုပေမယ့် ဒီ တက်လာတဲ့နှုန်းသာ တကယ်တက်မယ်ဆိုရင်တော့ ကျွန်တော်တို့ ပေးမှာပါ။ အဲဒီတော့ လောလောဆယ် ကျွန်တော် မြင်းမူဆေးရုံကို လှမ်းမေးကြည့်တဲ့ အခါမှာ သူတို့ ဘာလိုလဲ ဆိုတဲ့အခါကျတော့ ခုတင်ကတော့ လိုတယ်။ ခုတင်ကို အပိုတော့ ပေးလိုက်မယ်။ သူတို့ဘာသာသူတို့ ခုတင်ကိုချဖို့ ခုတင်(၅၀)လောက် အရင်ပေးပါမယ်။ operation theatre တစ်ခုလိုတယ်။ ကျွန်တော်တို့ ပေးမယ်။ နောက် LED ပေါ့။ Blue Phototherapy ဆိုတာ ကလေး မွေးပြီးရင် သူက အလင်းရောင်နဲ့ Jaundice မဖြစ်အောင်ပေးတာ နှစ်ခုလိုတယ်။ အဲဒါကို ကျွန်တော် ချက်ချင်းပေးမယ်။ ဆေးပစ္စည်းကလည်း လုံးဝလုံလောက်ပါတယ်တဲ့၊ ကျန်တဲ့ဆေးတွေလည်း အကုန် လုံလောက်ပါတယ်တဲ့။

နောက်တစ်ခုက သူတို့မှာ ပြင်ဆင်စရာ ရှိပါတယ်။ ကျွန်တော့်မှာ ဒီမှာ စာရင်းနဲ့ရှိပါတယ်။ အဲဒါတွေ ကျွန်တော် ချက်ချင်းလုပ်ပေးပါမယ်။ မြို့နယ်ပြည်သူ့ဆေးရုံတွင် လေးခန်းတွဲ၊ လေးထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ဖို့တဲ့၊ ကုန်ကျစရိတ်က သိန်း(၅၅၀)ကုန်မယ်။ အဲဒါ ၂၀၁၈-၂၀၁၉ မှာ ကျွန်တော်တို့ ထည့်ပေးပါမယ်။ စီမံကိန်းမှာ လျာထားပါမယ်။ အဲဒီတော့ ဒီမြို့နယ်ဆေးရုံမှာရှိတဲ့ Emergency Receiving Counter တိုးချဲ့ခြင်းကိုတော့ ဘဏ္ဍာငွေ ခွဲဝေချထားဖို့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ သိန်း(၁၈၀)ပါ။ နောက်တစ်ခုက မြို့နယ်ပြည်သူ့ဆေးရုံတွင် ဝါယာကြိုးများ လဲလှယ် သွယ်တန်းခြင်းနဲ့ ဓာတ်အားလိုင်းဆိုင်ရာ ကွန်ကရစ်တိုင်များ အစားထိုးခြင်းကတော့ (၃.၄)သန်းပေါ့။ (၃၄)သိန်းလိုမယ်။ အဲဒါကို စိစစ်ပြီးဖြစ်၍ ဘဏ္ဍာငွေချထားပေးဖို့ ကျွန်တော်တို့ လုပ်လျက်ရှိပါတယ်။ ဆိုလိုတာကတော့ မြင်းမူဆေးရုံကို ကျွန်တော်တို့ ဆက်လက်ပြီး သုံးသပ်ကြည့်နေမယ်။ ကြည့်နေလို့ တကယ်လိုပြီဆိုရင်တော့ ကျွန်တော်တို့ စဉ်းစားမယ်။ ချက်ချင်း (၁၀၀)ပေးသော်ငြားလည်း၊ Specialist (၈)မျိုး မရသော်ငြားလည်း ကျွန်တော်တို့ဟာ မေ့ဆေးရယ်၊ Orthopaedics ပေါ့။ အရိုးခွဲစိတ် အဲဒါတွေတော့ ကျွန်တော်တို့ အရင်ပေးဖို့ ရှိပါတယ်။ နောက် OG ပေါ့။ အဲဒါလေးတွေတော့ ကျွန်တော် Specialist OG ပေးပါမယ်။ လက်ထောက်ဆရာဝန် အရင်ပေးပါမယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့

ဆက်လက်ကြည့်ရှုပြီးတော့ ပစ်မထားဘူး။ ဆက်လက်ကြည့်ရှုပြီး သုံးသပ်နေပြီးတော့ လိုအပ်တဲ့ဟာကို ကျွန်တော်တို့ အမြန်ဆုံးဖြည့်ဆည်းပေးပါမယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ၏ မေးခွန်းဖြစ်သော မိုးညိုမြို့နယ်၊ ရှားတောကျွန်းကျေးရွာအုပ်စု၊ ရှားတော ကျေးရွာကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဆောက်လုပ်ခြင်းအတွက် တင်ဒါအောင်မြင်သော ကုမ္ပဏီ ဖြစ်သော ဂုဏ်ကြီးရှင်ကုမ္ပဏီ Great Prestige Lord ကုမ္ပဏီလီမိတက်မှ လုပ်ငန်းအပ်နှံမှု မရှိသေး ခြင်းကိစ္စနှင့်ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်မယ်ဆိုတာကို မေးထားပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကို ပြန်ပြီးကြည့်တဲ့အခါမှာ ဘာသွားတွေ့လဲဆိုတဲ့အခါကျတော့ သူတို့က မတ်လ ၁၅ ရက်နေ့က ကျွန်တော်တို့ ရာခိုင်နှုန်း(၁၀၀)ပြီးစီးကြောင်းဆိုပြီး လက်မှတ်(၃)ယောက်ထိုးထားပါတယ်။ (၁)က မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး မြို့နယ်ဆရာဝန်၊ အဲဒီ ၂၀၁၆ တုန်းက အခုတော့ ဆရာဝန်ပြောင်းသွားပါပြီ။ (၂) ဦးစီး အရာရှိ(ငြိမ်း) လမ်းဦးစီးဌာန၊ မိုးညိုမြို့နယ်၊ (၃) အထွေထွေအုပ်ချုပ်ရေးမှူး သူတို့ (၃)ယောက် ထိုးထားပြီးတော့ လုပ်ငန်း(၁၀၀)ရာခိုင်နှုန်းပြီးစီးကြောင်း သူတို့ လက်မှတ်ထိုးလိုက်တယ်။ ထိုးပြီးတဲ့ အခါကျတော့ သူတို့က ၁၅-၃-၂၀၁၆ မှာ ထိုးလိုက်တယ်၊ ပြီးစီးပြီဆိုတော့၊ ၂၂-၃-၂၀၁၆ (၁)ပတ် လောက်အကြာမှာ သူတို့က အဲဒါကို လွှဲပြောင်းပြီး လက်ခံယူလိုက်တယ်။ ဘယ်သူက လွှဲပြောင်းယူ လိုက်လဲ။ ဂုဏ်ကြီးရှင်ရဲ့ ဒါရိုက်တာ ဦးသက်နောင်ဦး နဲ့ ဒီဘက်က မိုးညိုမြို့နယ်၊ ပြည်သူ့မြို့နယ် TMO — Township Medical Officer က လက်ခံယူလိုက်တယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတာ အရမ်းမှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းမြင့်၊ ဒေါက်တာဦးဝင်းမြင့်ကိုလည်း ကျွန်တော် တော်တော်ကျေးဇူးတင်ပါတယ်။ ဒီလိုမျိုးကိစ္စ တွေက ဒီဆေးရုံ(၁)ရုံတည်း မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ Contract ပေးပြီး ဆေးရုံ တော်တော် များများမှာ ကျွန်တော်တို့ အရပ်စကားဆိုရင်တော့ ခံနေရတာပေါ့။ ဆိုလိုတာက ဒီလိုလုပ်မယ်ဆိုရင် ကျွန်တော်တို့က Check List နဲ့ သေသေချာချာလုပ်ရမယ်။ သူတို့အပ်တိုင်း ယူလို့မရဘူး။ ဒီမှာဆိုရင် ဒီဥစ္စာက တကယ့်တကယ်က ဒါ မဖြစ်သင့်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ ကျွန်တော် အခေါက်ခေါက် ဖုန်းလည်းပြောပါတယ်။ သူ ခဏခဏ ကျွန်တော့်ဆီ ဆက်ပါတယ်။ သူပြောတာလည်း အကုန်မှန်တယ်။ အဲဒီတော့ ကျွန်တော်တို့က သူတို့ကို မြန်တဲ့အတွက် ကုမ္ပဏီနဲ့ သူတို့ကို ပြန်ညှိတယ်။ ညှိပြီးလုပ်တဲ့အခါမှာ ကုမ္ပဏီက အကုန်ပြန်ပြီးလုပ်ပေးပါတယ်။ လုပ်ပေးတော့ တိုင်းဦးစီးမှူးကနေ စက်တင်ဘာလ ၁၄ ရက်၊ ၂၀၁၇ ခုနှစ်မှာ တိုင်းဦးစီးမှူးကနေပြီးတော့ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဆရာဝန် ပြောင်းသွားပါပြီ။ နောက်တစ်ယောက်ပါ။ သူတို့ကို လက်ခံတာ။ သူက သွားကြည့်ပြီးတော့ သူတို့က နောက်ဆုံးအခြေအနေကို ကြည့်ပြီးတော့ သူက လက်ခံလိုက်ပါတယ်။ စက်တင်ဘာလ ၁၉ ရက် မှာ လက်ခံလိုက်တယ်။ လက်ခံတဲ့အခါကျတော့ ကျွန်တော်တို့က ကြည့်လိုက်ပါတယ်။ သူတို့ အကုန်လုံး တော့ ဒီမှာ သေသေချာချာ။ ဒီတစ်ခေါက်တော့ တော်တော်ကောင်းပါတယ်။ သူတို့အကုန်လုံး ဓာတ်ပုံ ရိုက်ထားပါတယ်။ အားလုံးတစ်ခုမကျန်။ အဲဒီတော့ အကုန်ကြည့်တော့ အကုန်လုံးကတော့ ကောင်းနေ တာ တွေ့ရပါတယ်။

ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဆက်ပြီးကြည့်ခိုင်းပြီး နည်းနည်းပါးပါး လိုတာရှိရင်လည်း သိပ်မများတော့ အကုန်လုံး မျက်နှာကြက်တွေ၊ မျက်နှာကြက်အကုန်၊ မျက်နှာစာ ကွန်ကရစ်လမ်း အကုန်လုံး သူတို့ ပြင်ပြီးပါပြီ။ အရင်အခြေအနေ၊ ယခုအခြေအနေ ပြင်ပြီးတာတွေ အားလုံးလုပ်ထားတာပါ။ မျက်နှာစာ ခြံစည်းရိုး မပြုပြင်မီ၊ ပြုပြင်ပြီး၊ တော်တော်ကောင်းသွားပါပြီ။ အရင်တုန်းက ဘာမှမရှိဘူး။ လွှတ်တော်ကိုယ်စားလှယ်ကြီး တကယ့်သံတိုင်တွေနဲ့ ဖြစ်သွားပါပြီ။ ခြံစည်းရိုးက တကယ်ကို တော်တော်ကောင်းသွားပါတယ်။ နောက်ပြီးတော့ မျက်နှာစာ ခြံစည်းရိုးလည်း တော်တော်ကောင်းသွားပါပြီ။ သံတိုင်တွေနဲ့ အကုန်လုံး။ နောက် ပိုးချဲ့တွန်းတဲ့လမ်းတွေလည်း အကုန်ကောင်းသွားပါပြီ။ ဒီမှာအရင်တုန်းက ပိုးချဲ့လမ်းက လုံးဝမကောင်းပါဘူး။ နောက်ပြီးတော့ မျက်နှာကြက်တွေ မပြင်တာနဲ့ မျက်နှာကြက်ပြင်ပြီး အကုန်ကောင်းသွားပါပြီ။ ရေစင်လည်း တော်တော် ကောင်းသွားပါပြီ။ ပြင်ထားပြီး အားလုံးပြောတာ။ နောက် ခြံစည်းရိုး အလျှော့အတင်းလုပ်ခြင်း တော်တော်ကောင်းသွားပါပြီ။ အရင်လို မဟုတ်တော့ပါဘူး။ တော်တော်လေးကောင်းသွားပါပြီ။ ဒီနေရာမှာ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဒီမှာ နောက် ရေကန်အမိုး တော်တော် ကောင်းသွားပါတယ်။ အားလုံး အကယ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ သွားရောက်ကြည့်ပြီးတော့ သိပ်မကောင်းတာတွေ တွေ့မယ်ဆိုရင် ကျွန်တော်တို့ပြောရင် ကျွန်တော်တို့ကုမ္ပဏီနဲ့ ဆက်ညှိပြီး ဆက်လက်ဆောင်ရွက်ပေးမယ်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေ ၏ မေးခွန်းဖြစ်သော မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြို့သစ်ရပ်ကွက်မှ အ.ထ.က (ခွဲ) မြို့သစ်ကျောင်းဧရိယာမှာ အလွန်ကျဉ်းမြောင်းနေပါ၍ ကျောင်းမြေမှရယူထားပြီး အသုံးပြုခြင်းမရှိတော့သည့် တိုင်းရင်းဆေး အဆောက်အအုံပါမြေယာကို ပြန်လည်စွန့်လွှတ်၍ ပညာရေးပိုင်မြေအဖြစ် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနက မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ရပ်ကွက်၊ ကွင်းအမှတ် ၃၉(က)၊ ဘုရားကိုင်ကွင်း မြေဧရိယာ(၀.၂၂၃)မှာ ကျွန်တော်တို့ (၁၆)ခုတင်ဆံ့ ဆေးရုံကို၊ ကျွန်တော်တို့ မြေနေရာကို ၁၉၉၅ ခုနှစ်ကနေပြီးတော့ မြိတ်ခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကနေပြီးတော့ ခွင့်ပြုချက် အစည်းအဝေးမှတ်တမ်းအရ ကျွန်တော်တို့ ပေးတဲ့ အတွက် အဲဒီမှာ ကျွန်တော်တို့ ဆောက်လိုက်ပါတယ်။ ၁၉၉၇ ခုနှစ်မှာ ဆောက်ပြီးတော့ ၁၉၉၈ ခုနှစ်၊ မတ်လမှာ ကျွန်တော်တို့ ဖွင့်လှစ်ခဲ့ပါတယ်။

အဲဒီတော့ အဲဒါ ဖွင့်လှစ်ပြီးတဲ့အခါကျတော့ ၂၀၀၀ ခုနှစ်မှာတော့ ကျွန်တော်တို့ မြေပိုင်သွားပါတယ်။ မြေဂရန် ကျွန်တော်တို့ ရပြီးပါပြီ။ အဲဒီတော့ မြေဂရန်ရပြီးတဲ့အတွက် အဲဒီနေရာမှာ ဝန်ထမ်းအိမ်ရာပါ ကျွန်တော်တို့ ဆောက်လိုက်ပါတယ်။ ကျွန်တော်တို့ မြေပုံလည်း ရှိပါတယ်။ ဆောက်ပြီးတော့ ၂၀၀၉ ခုနှစ်မှာ ဝန်ထမ်းအိမ်ရာ ဆောက်တယ်။ ဆောက်ပြီးတဲ့အချိန်မှာ ကျွန်တော် (၁၆)ခုတင်ကို တစ်ခါ(၂၅)ခုတင်ဆံ့ ဆေးရုံကို တိုးပေးတဲ့အတွက် ဒီနေရာမှာ မဆောက်တော့ဘဲ၊ ဆောက်ထားတာကို မလုပ်ဘဲနဲ့ အသစ် ပြန်ဆောက်လိုက်ပါတယ်။ ဒီ ၂၀၁၅ ခုနှစ်မှာ။ ၂၀၁၄ မှာ ဆောက်ပြီးတော့ ၂၀၁၅ ခုနှစ်မှာ အသစ်ဆောက်တော့ ဆိုလိုတာက (၁၆)ခုတင်ဆံ့ ဆေးရုံသည်

တစ်နေရာ ရောက်သွားပါတယ်။ (၂၅)ခုတင် ဖြစ်သွားပါပြီ။ အဲဒီတော့ (၁၆)ခုတင်ဆံ့ ဆေးရုံမှာ ကျန်တဲ့ အဆောက်အဦနဲ့ ဝန်ထမ်းအိမ်ရာကတော့ ကျွန်တော်တို့ ပိုင်နေပါတယ်။ လောလောဆယ်။ အဲဒီ (၁၆)ခုတင်ဆံ့ ဆေးရုံရဲ့ဟာကို ကျွန်တော်တို့က ခရိုင်ဦးစီးမှူးရုံး လုပ်ထားပါတယ်။ ဟိုဘက်က ဝန်ထမ်းအိမ်ရာမှာတော့ လူမနေဘူးဆိုတာက လောလောဆယ် သူတို့ ဒီ ဝန်ထမ်းတိုင်းရင်းဆေးမှာ လုပ်နေတဲ့ ဝန်ထမ်းအားလုံးသည် မြိတ်ခရိုင်မှ အဲဒီလူက မြို့ကဖြစ်တဲ့အတွက် သူက မနေခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဝန်ထမ်းအိမ်ရာကတော့ ကျွန်တော်တို့က မယူထားလို့ မရပါဘူး။ နောက် Transfer တွေ၊ ဘာတွေ အများကြီးလာတဲ့အခါမှာ နေစရာမရှိဖြစ်တဲ့အတွက် မယူထားလို့မရဘူး။

သို့သော်လည်း ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း နဂို(၁၆)ခုတင်ဆံ့ ဆေးရုံရှိတဲ့နေရာမှာ ကျွန်တော်တို့က တိုင်း၊ ခရိုင်ဦးစီးမှူးရုံး လုပ်ထားပါတယ်။ ဝန်ထမ်းကလည်း သိပ်မများပါဘူး။ မများတဲ့အခါကျတော့ ကျွန်တော့်အနေနဲ့ကတော့ အမှန်အတိုင်းပြောရရင်တော့ ပညာရေးကို ပေးလိုက်ချင်တယ်။ ပညာရေး ကိုပေးမယ်ဆိုတာက ကျောင်းသားတွေ ကျပ်၊ ညပ်၊ သင်နေတယ်ဆိုတော့ တော်တော်လေးဒုက္ခ ရောက်ပါတယ်။ ပညာရေးဟာ အမှန်တိုင်းကတော့ ကျန်းမာရေးထက်ကို တော်တော်အရေးကြီးပါတယ်။ ကလေးတွေ ပညာရေး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ တစ်ခုရှိတာက အဲဒီဝန်ထမ်း အိမ်ရာမပေးဘဲနဲ့ အဲဒီဧရိယာက ပေးလိုက်မယ်ဆိုရင် ကျွန်တော်တို့က ခရိုင်ရုံးဆောက်ဖို့ နေရာလိုမယ်။ မြေနေရာလိုမယ်။

အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ကတော့ မြေနေရာတစ်နေရာ ရမယ်ဆိုရင် ကျွန်တော်တို့က ဆောက်လုပ်ရေးကိုတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘာဖြစ်ဖြစ် တင်ပြီး ကျွန်တော်တို့ လုပ်မယ်။ လုပ်တယ်ဆိုရင် ဒီမြေနေရာကို ကျွန်တော်တို့ ပေးလို့ရပါတယ်။ မြေနေရာ ချက်ချင်းပေးရင်လည်း ကျွန်တော် ချက်ချင်းလုပ်မယ်။ နောက်တစ်ချက်က ကျွန်တော် ပြန်စဉ်းစားကြည့်တယ် ဆိုတဲ့အခါကျတော့ ဝန်ထမ်းက သိပ်မများတဲ့အတွက် ခု ကျွန်တော်တို့ ပေးထားတဲ့ (၂၅)ခုတင်ဆံ့ မြေမှာပဲ မြေရှိရင် အဲဒီမှာ ဆောက်လို့ များရမလား။ ဘယ်လိုလုပ်မလဲ။ ကျွန်တော် စဉ်းစားပါမယ်။ ကျွန်တော် အဓိကဆိုလိုခြင်းကတော့ ဒါကို ကျွန်တော် ပေးချင်ပါတယ်။ ပေးချင်တဲ့အခါကျတော့ ကျွန်တော်တို့ တိုင်းဦးစီးမှူးနဲ့ ပညာရေးဝန်ကြီးဌာနက အခြေခံပညာဦးစီးဌာနက တိုင်းဦးစီးမှူးတို့(၂)ယောက်ညှိပြီးတော့ ဘယ်လို ဆက်လုပ်မလဲဆိုတာကို ကျွန်တော်တို့ ဝိုင်းပြီးစဉ်းစားပြီးတော့လုပ်မှာပါ။ ကျွန်တော်ကတော့ အမှန်အတိုင်းပြောရရင် ဒါကို ပေးချင်ပါတယ်။ အဲဒီနေရာကို။ အဲဒါကို တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဒုက္ကံချောင်းကျေးရွာမှာရှိတဲ့ ကျန်းမာရေးဌာနခွဲအား ကျန်းမာရေးအဆင့် တိုးမြှင့်ရန်နှင့် ဗိုလ်မင်း ကျေးရွာ၊ ပြောင်းဆိပ်ကျေးရွာ၊ အောင်ဇေယျကျေးရွာတို့တွင် ကျန်းမာရေးဌာနခွဲများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ဖြေကြားမှာဖြစ်ပါတယ်။

ဒီကျောက်တော်မြို့နယ်မှာဆိုရင် တိုက်နယ်ကျန်းမာရေးဌာနက(၃)ခု၊ ကျေးလက်ကျန်းမာရေးဌာနက(၅)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၆)ခု၊ မိခင်ကလေးဌာန(၁)ခုနဲ့ ကျောင်းကျန်းမာရေးဌာန(၁)ခု ရှိပါတယ်။ ကျန်းမာရေးမှူး(၁)ဦး၊ မြို့နယ်သူနာပြု(၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး(၅)ဦး၊ ကြီးကြပ်(၂)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၇)ဦး၊ သားဖွားဆရာမ(၄၅)ဦး၊ ကြီးကြပ်-၂(၃၈)ဦးနှင့် (၂)သိန်းကျော်သောလူနာများကို ကျွန်တော်တို့ ကုသပေးလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ။ ဒီ ကျေးလက်ကျန်းမာရေးဌာနကို ဖွင့်ဖို့အတွက် ကျွန်တော့်မှာ အခြေခံမူကြီး(၅)ချက် ရှိပါတယ်။ ဒီမူကိုတော့ ကျွန်တော် မဖတ်တော့ပါဘူး။ အဲဒီတော့ ဒီ(၅)ချက်နဲ့ ကျွန်တော်ကြည့်လိုက်တဲ့အခါမှာတော့ (၅)ချက်စလုံးကို သူက မိပါတယ်။ မိတဲ့အတွက် ကျွန်တော်တို့က ဒါကိုတော့ (၅)ချက်စလုံးနဲ့ကိုက်ညီတဲ့အတွက် ပေးမယ်။ ပေးလိုက်တဲ့အခါမှာ ဘာသွားတွေ့သွားလဲဆိုတော့ ကျွန်တော်က မြေပုံနဲ့သေချာကြည့်လိုက်ပါတယ်ခင်ဗျား။

ခု ဒီကျောက်တော်မှာရှိတဲ့ မြေပုံနဲ့ ကြည့်လိုက်တဲ့အခါမှာ ဒီ ဒုက္ကံချောင်းကျေးရွာသည် အပေါက်ဝ တိုက်နယ်ကျန်းမာရေးဌာနအောက်တွင်ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး ၎င်းကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲရှိပါတယ်။ ဒုက္ကံချောင်းကျေးရွာသည် အပေါက်ဝ တိုက်နယ်ဆေးရုံနဲ့ (၄)မိုင်၊ ကျောက်တော်မြို့နယ်ဆေးရုံနဲ့(၁၂)မိုင်၊ ကျေးလက်ကျန်းမာရေးဌာန နဂူမေ ကျေးလက်ကျန်းမာရေးဌာနနဲ့ (၅)မိုင်ပဲဝေးပြီး ကျေးရွာများနဲ့ ဆက်စပ်လျက်ရှိတဲ့အတွက် ဒီမှာ RHC ဒီဟာကို ဖွင့်လှစ်လိုက်လို့ရှိရင် အနီးအနားကို ပြန်သွားဖို့လွယ်တဲ့အတွက် ဒါလည်း တော်တော်သင့်မြတ်ပါတယ်။ အဲဒီတော့ ဒုက္ကံချောင်း ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ဒီမှာရှိတဲ့ ဘရဝါကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိတယ်။ ခွဆုံ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိတယ်။ အောင်ဇေယျ ကျေးလက်ကျန်းမာရေးဌာနရှိတယ်။ ဗိုလ်မင်း ကျေးလက်ကျန်းမာရေးဌာနခွဲတို့ပါရှိပြီး ကျေးရွာ(၁၄)ရွာ၊ အိမ်ခြေ(၂၄၇၀)အိမ်နဲ့ လူဦးရေ(၁၂၀၀၀)ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုဖြစ်တဲ့အတွက် ဒီ ကျေးလက်ကျန်းမာရေးအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်ပေးမယ်။ ရခိုင်ပြည်နယ်၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးမှူးကလည်း ထောက်ခံတင်ပြထားတဲ့အတွက် ကျွန်တော်တို့ ဒီဟာကို ပေးပါမယ်ခင်ဗျား။

အဲဒီတော့ လိုရင်း၊ တိုရှင်းနဲ့ ပေးမယ်ဆိုရင်တော့ ဒါကို ပေးမယ်။ ၂၀၁၉-၂၀၂၀ မှာ ကျွန်တော်တို့ တင်ပေးပါမယ်။ ၂၀၁၈-၂၀၁၉ မှာတော့ များနေသေးတဲ့အတွက် မတင်ဘူး။ သို့သော်လည်း ၂၀၁၈-၂၀၁၉ မှာ သိပ်မများဘူးဆိုရင်တော့ တင်မယ်။ ဒါ ကျွန်တော့်အနေနဲ့ ၂၀၁၉-၂၀၂၀ မှတင်မယ်ပဲ ဖြေကြားခြင်းဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ ရှေ့ကိုတိုးပေးပါမယ်။ ဘာလို့လဲ ဆိုတော့ ဒီနေရာတွေက တော်တော်ခေါင်တဲ့နေရာတွေ ဖြစ်တဲ့အတွက် ကျွန်တော် ဦးစားပေးပါမယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာက ကျွန်တော်တို့ တိုးမယ်လို့ ကတိပေးသော်ငြားလည်း ကျွန်တော်တို့မှာ ကတိကဝတ် ဖြစ်သွားမှာစိုးလို့ အဆင့်ဆင့်လုပ်ရပါတယ်။ ဒီအဆင့် တွေပြီးမှ ပြီးရင် ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့တင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေကိုတင်၊ ပြီးလို့ရှိရင် ကျွန်တော်တို့က အစိုးရရုံးကိုတင်၊ အစိုးရအဖွဲ့ အစည်းအဝေးကိုတင် အဲဒီလို အဆင့်ဆင့် လုပ်ရပါတယ်။ ကတိ ဒီနေ့ပေးရင် အဲဒီလို ချက်ချင်းတော့ မရပါဘူး။ ဒီဟာ Processing တွေရှိပါတယ်။ အဲဒါကိုလည်း

ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက် ဘာမေးမှာလဲ။ ခင်ဗျား။

**ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဝန်ကြီးဖြေပေးသွားတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ဝန်ကြီးတွေဆီကို ရောက်လာတဲ့အဖြေဟာ ဘယ်လိုနေရာကနေဖြတ်သန်းလာတယ်ဆိုတာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ သက်တမ်း(၂)နှစ်အတွင်းမှာ သဘောလည်းပေါက်မိပါတယ်။ ပထမမေးခွန်းကတော့ အသုံးမပြုဘဲ အချိန်လအတန်ကြာထားထားတဲ့ အဲဒီအဆောက်အဦမှာ ကျွန်တော် မေးခွန်းမေးလိုက်တဲ့အခါမှ ခရိုင်ရုံး ဆိုင်းဘုတ်လာတပ်တာ ဝန်ကြီးသိပါသလားခင်ဗျား။ ဒုတိယမေးခွန်းကတော့ ကျွန်တော်က အဲဒီကျောင်းမှာ ကျွန်တော် အလယ်တန်းအဆင့်တုန်းက ကျွန်တော် (၅)နှစ်အထိ အရပ်ခန့် အလယ်တန်းပြဆရာအဖြစ် ကျွန်တော်က တာဝန်ထမ်းဆောင်ဖူးတဲ့အတွက် အဲဒီ မြေပြင်အခြေအနေကို သေသေချာချာ သိပါတယ်။ ကျွန်တော် မေးချင်တာကတော့ ခုလက်ရှိ အဲဒီအဆောက်အဦကို တစ်ခါတစ်ခါမှာ ဝန်ထမ်း(၁)ယောက်၊ (၂)ယောက်လာတယ်။ ခု ကျွန်တော် ၁၉း၄၄ မိနစ်မှာ Message ပို့တယ်။ ဝန်ထမ်း(၂)ယောက် -------------

**ဥက္ကဋ္ဌ**။ ။ ခင်ဗျား ဆက်စပ်မေးခွန်းက ဘာကိုဆိုလိုတာလဲ။ ဆက်စပ်မေးခွန်း ။ ခုနကသူ မြေနေရာ လွှဲပေးနိုင်ခွင့်မရှိဘူးဆို လွှဲပေးချင်တယ် ပြောထားပြီးပြီ။ သူပြန်စိစစ်မယ်ပြောတာကို ဘာကို ခင်ဗျားဆက်စပ်မေးချင်တာလဲ။

**ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ မဟုတ်ဘူး။ ကျွန်တော်ပြောတာက အဲဒီ ဝန်ထမ်း(၂)ယောက်တည်းလွှတ်နေတဲ့ဟာ ဂိုထောင်တစ်ခုကို ဂိုထောင်စောင့်လွှတ်သလိုဖြစ်နေတယ်။ အဲဒါက ကျွန်တော်မေးချင်တာကတော့ အဲဒီ ခရိုင်ရုံးမှာ ကျွန်တော်တို့ရုံးလုပ်ငန်း လည်ပတ်လုပ်မှု ဖွဲ့စည်းပုံအရ ဝန်ထမ်း(၂)ဦးသာ ခန့်ပိုင်ခွင့်ရှိပါသလားလို့ ကျွန်တော်က မေးချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ အဲဒီမှာ လောလောဆယ် ဝန်ထမ်း(၅)ယောက်ပဲနေတယ်ပြောပါတယ်။ (၅)ယောက်ဆိုတာ ဘာမှမရှိတဲ့အတွက် ကျွန်တော်က အဲဒါကို ပေးချင်နေတာပါ။ အဲ (၅)ယောက်ကို တစ်နေရာမှာ ထားလိုက်ရင် ဒါကြီးကိုပေးလို့ရပါတယ်။ အဲဒါပါ။

**ဥက္ကဋ္ဌ**။ ။ ပေးမယ် ပြောထားပြီးသားပဲ။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ပထမဆုံးဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကြည်ညွန့် ရဲ့ မေးခွန်းအပေါ်မှာ ပြည်ထောင်စုဝန်ကြီးက သေချာဖြေသွားပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ဒါ ဝန်ကြီးရဲ့ဖြေကြားချက်အရဆိုရင် ဒါ အမျိုးသားကျန်းမာရေးနှင့် သက်ဆိုင်တယ်။ သက်ဆိုင်တော့ ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း မဟုတ်ဘဲနှင့် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်တဲ့ အနေအထားဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်း သက်ဆိုင်တယ်။ ဘာလို့လဲဆိုတော့ ကျောင်းတွေလည်းလိုတယ်။ ဆရာ မိဘတွေ ဆရာ၊ ဆရာမ

တွေကိုပါ ပညာပေးမယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တာဝန်လည်းဖြစ်တယ်။ ကိုယ့်မဲဆန္ဒနယ်မှာ ကိုယ်ပြန်ပြီးတော့ ကိုယ့်မိဘတွေ၊ ကျောင်းဆရာ၊ ဆရာမ တွေကို ဒီလို စည်းရုံးနိုင်ဖို့ အနေအထားမျိုး လိုအပ်သွားတဲ့အနေအထားမျိုး ဖြစ်တယ်။ ဒါကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ဒါမှတ်သားထားပေးပါ။ ဒါ ဝန်ကြီးဖြေတာ တော်တော် ကောင်းပါတယ်။ အမျိုးသားကျန်းမာရေးနှင့် ပတ်သက်လို့။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့လည်း မိမိတို့ မဲဆန္ဒနယ်ပြန်ရောက်လျှင် ဒါ ခုနက ဝန်ကြီး ပြောသွားသလိုပဲ ပညာပေးနိုင်ဖို့ ဆောင်ရွက်ပေးပါ။ ကျွန်တော် ဒါ ဝန်ကြီးကိုလည်း မေတ္တာရပ်ခံချင်တာက။ ဝန်ကြီးတို့ရဲ့ ဆောင်ရွက်ချက်ကလေးတွေကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး တိတိကျကျလေး သိနိုင်အောင်ပေါ့။ ဘယ်လိုလုပ်သင့်တယ်။ ဝန်ကြီးတို့ဌာန ဘယ်လိုလုပ်တယ်ဆိုတာလေးကို လာပြီးတော့ ဟောပြောပွဲလေးတစ်ခုလောက် ပညာရှင်တွေ ဒါလေးကို လာလုပ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာတွင် "နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း" ဆိုသည့် စည်းကမ်းချက်အား သတ်မှတ်ထည့်သွင်းခြင်းမပြုရန် ဝန်ကြီးဌာနအားလုံးကို ညွှန်ကြားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာတွင် "နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း" ဆိုသည့် စည်းကမ်းချက်အား သတ်မှတ်ထည့်သွင်းခြင်းမပြုရန် ဝန်ကြီးဌာနအားလုံးကို ညွှန်ကြားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများမှ ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာတွင် နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း ဆိုသည့် စည်းကမ်းချက်အား သတ်မှတ်ထည့်သွင်းခြင်းမပြုရန် ဝန်ကြီးဌာနအားလုံးကို ညွှန်ကြားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ သိရှိလိုခြင်းနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါ။ ဒါက ကျွန်တော်တို့ ၃-၁၀-၂၀၁၇ မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၇) ကြော်ငြာကဏ္ဍမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ လစ်လပ်ရာထူးခေါ်တဲ့ ဒါ လျှောက်လွှာဖြစ်ပါတယ်။ အဲဒီလျှောက်လွှာရဲ့ စည်းကမ်းသတ်မှတ်ချက် အပိုဒ် ၃(ဃ)မှာ နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်းလို့ ဖော်ပြထားပြီးတော့ အပိုဒ် ၇ တွင် အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက် နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်လို့ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

ဒါကတော့ ၂၉-၁၂-၂၀၁၇ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၅) ကြော်ငြာကဏ္ဍမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနရဲ့ လစ်လပ်သော ဆေးဘက်ဆိုင်ရာနေရာ အတွက် လျှောက်လွှာခေါ်ယူရာမှာလည်း ဒီ စည်းမျဉ်း၊ စည်းကမ်းချက်ကို ထည့်သွင်းထားတာ ရှိပါတယ်။ နောက်တစ်ခါ ၁၆-၁-၂၀၁၈ မြန်မာ့အလင်းသတင်းစာမှာ စာမျက်နှာ(၂၀) ကြော်ငြာကဏ္ဍမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနရဲ့ လျှောက်လွှာခေါ်ယူခြင်းမှာတော့ ဒီ နိုင်ငံရေးကင်းရှင်းကြောင်းဆိုတာကို ထည့်သွင်းဖော်ပြထားတာ မရှိပါဘူး။


တစ်ဖန် ၁၉-၁-၂၀၁၈ မှာကျတော့ ဒီ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေး ဦးစီးဌာနကနေပြီးတော့ ဓာတ်ခွဲခန်းကျွမ်းကျင်အဆင့်(၄)နှင့် ဓာတ်ခွဲခန်းစစ်ဆေးသူ ဒုတိယတန်း (၁)နှစ်သင်တန်း ဝင်ခွင့်ခေါ်တဲ့နေရာမှာ တစ်ခါပြန်လည်ပြီးတော့ ဒီ စည်းကမ်းချက်ကို ပြန်ထည့်ထား ပါတယ်။ ဆိုလိုချင်တာက ကျွန်တော်တို့ ဒီ ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုတည်းကခေါ်တဲ့ လျှောက်လွှာပုံစံတွေမှာကိုက တစ်ခုနဲ့တစ်ခု မတူပါဘူး။ ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့က ကျန်းမာရေးနဲ့ဆိုင်တဲ့ ဦးစီးဌာနများက ခေါ်တဲ့လျှောက်လွှာမှာ နိုင်ငံရေးကင်းရှင်း ကြောင်းဆိုတဲ့ ကန့်သတ်ချက်ပါပြီးတော့ ဒီ အားကစားနှင့်ဆိုင်တဲ့ ဦးစီးဌာနများက ခေါ်တဲ့လျှောက်လွှာ များမှာတော့ ဒီ နိုင်ငံရေးကင်းရှင်းကြောင်းဆိုတဲ့ ကန့်သတ်ချက်မပါတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကို အခြေခံသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၉(က)တွင် နိုင်ငံသားများသည် ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင် မှုတွင် တူညီသောအခွင့်အလမ်းများရရှိရမည် ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၅၂ တွင် နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ် သော အရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြု၍ ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရဟူ၍လည်းကောင်း၊ ပုဒ်မ ၃၅၃ တွင် မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံး မှုမရှိစေရလို့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးကို ပေးထားပြီးဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆ (က)တွင် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟူသော ပြဋ္ဌာန်းချက်သည် ဝန်ထမ်းမဖြစ်မီ သို့မဟုတ် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်မထမ်းဆောင်မီကာလကို သတ်မှတ်ထားခြင်း မဟုတ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ ၃-၁၀-၂၀၁၇ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသော အလုပ်လျှောက်လွှာ စည်းကမ်းသတ်မှတ်ချက်ဖြစ်သည့် နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်းဆိုတဲ့အချက် ထည့်သွင်းဖော်ပြထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေမှပေးထားသော နိုင်ငံသားများရဲ့ အခြေခံအခွင့်အရေးများကို မျက်ကွယ်ပြုသကဲ့သို့ ဖြစ်နေသလို၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြီးတော့ စည်းကမ်းသတ်မှတ်ထားတယ်လို့ ထင်မြင်ယူဆရတဲ့အတွက် အဆိုပါ စည်းကမ်းချက်ကို ပယ်ဖျက်ပေးစေလိုပါတယ်။

ဒါ့ကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများမှ ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာတွင် နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်းဆိုသည့်-----------

၃-၁၀-၂၀၁၇ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၇)ကြော်ငြာကဏ္ဍတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လစ်လပ်ရာထူးနေရာများ၏ လျှောက်လွှာခေါ်ယူခြင်း စာမျက်နှာ မြင်ကွင်းပုံ (ပ)



၂၉-၁၂-၂၀၁၇ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၅)ကြော်ငြာကဏ္ဍတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ လစ်လပ်သော ဆေးဘက်ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း စာမျက်နှာ မြင်ကွင်းပုံ (ပ-၁)



၁၆-၁-၂၀၁၈ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၀)ကြော်ငြာကဏ္ဍတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ လျှောက်လွှာခေါ်ယူခြင်းတွင် နိုင်ငံရေးကင်းရှင်းကြောင်း ထည့်သွင်းထားခြင်းမရှိသည့် စာမျက်နှာ မြင်ကွင်းပုံ (ပ-၂)



**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၁၁။**

**ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာတွင် နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း ဆိုသည့် စည်းကမ်းချက်အား သတ်မှတ် ထည့်သွင်းခြင်းမပြုရန် ဝန်ကြီးဌာနအားလုံးကို ညွှန်ကြားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းလာပါသဖြင့် ပြည်ထောင်စုဝန်ကြီးဌာန အားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့ခဲ့သည့် ဖြေကြားချက်များအနက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နိုင်ငံတော်၏ ပြောင်းလဲလာသောအခြေအနေများအရ ထုတ်ပြန်လျက်ရှိသည့် လမ်းညွှန်ချက်နှင့်အညီ ဆက်လက် ဆောင်ရွက်သွားပါမည်ဟု ဖြေကြားချက် ပေးပို့ခြင်းကို လက်ခံရရှိပြီးဖြစ်ပါတယ်။

ကျန် ပြည်ထောင်စုဝန်ကြီးဌာနများမှလည်း ဝန်ထမ်းသစ်များကို ခန့်ထားရာ၌ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ထုတ်ပြန် သည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ကြော်ငြာခေါ်ယူဆောင်ရွက်လျက်ရှိပြီး ပညာအရည်အချင်း အထောက်အထား၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် အလုပ်သမား မှတ်ပုံတင်ကတ်ပြား၊ ကိုယ်ရေးလျှောက်လွှာတို့ကိုသာ တောင်းခံ၍ နိုင်ငံရေးကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း တောင်းခံခြင်းမရှိပါဟု ဖြေကြားချက်များ ပေးပို့ခဲ့ကြ ပါကြောင်းကို အသိပေးတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)ပါ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေး နှင့် ကင်းရှင်းရမည် ပြဋ္ဌာန်းချက်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဆ)ပါ ပါတီနိုင်ငံရေး ကင်းရှင်းခြင်း ပြဋ္ဌာန်းချက်များသည် ပြင်ပပုဂ္ဂိုလ်တစ်ဦးအား နိုင်ငံ့ဝန်ထမ်းအဖြစ် အတည်ပြုခန့်ထား ပြီးနောက် ပါတီနိုင်ငံရေးကင်းရှင်းခြင်းကို လိုက်နာရမည့် တာဝန်တစ်ရပ်အဖြစ် ပြဋ္ဌာန်းသတ်မှတ်ထား

ခြင်းဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာ၌ ပါတီနိုင်ငံရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများမှ နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း ဆိုသည့် စည်းကမ်းချက်အား သတ်မှတ်ထည့်သွင်းခြင်းမပြုရန် ဝန်ကြီးဌာနအားလုံးသို့ ညွှန်ကြားပေးရန်အတွက် အစီအစဉ်မရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းကာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၄**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။　　။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။　　။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၄ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။　　။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌတို့ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်<br>စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈ - ၀၄၅

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ လ ၂၄ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)နှင့် ဗိုလ်မှူးနိုင်မြင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့က ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အကြံပြု ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ၊ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့နှင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို လေ့လာစိစစ်ရာ -

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၏ မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(င)ကို ပြင်ဆင်ရန် အကြံပြုတင်ပြထားချက်နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများကို စိစစ်ရာ၌ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉၊ နည်းဥပဒေခွဲ(က)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ အခြေခံ၍ စိစစ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၀ တွင် နိုင်ငံ့ဝန်ထမ်းများခန့်ထားခြင်း၊

ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ အမှုထမ်းစည်းကမ်း သတ်မှတ်ခြင်းနှင့် အရေးယူခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဟု ပြဋ္ဌာန်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၁ နှင့် ပုဒ်မ ၂၉၂ တို့တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ထူးခြားသည့်လုပ်ငန်းသဘာဝ အရ သီးခြားဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရန် ဖော်ပြထားသဖြင့် အဆိုပါ ပြင်ဆင် ချက်ကို လွှတ်တော်က လက်ခံဆောင်ရွက်ရန် မရှိကြောင်း ဥပဒေကြမ်းကော်မတီ တစ်ရပ်လုံးက သဘောထားရရှိခဲ့ပါသည်။

(ခ)　တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့်၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ည) ဖြည့်စွက်ချက်ကို ပယ်ဖျက်ရန် အကြံပြုချက်နှင့် စပ်လျဉ်း၍ တည်ဆဲ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် နှစ်ပေါင်း ၁၀၀ ကျော်ကြာမြင့်ခဲ့ပြီးဖြစ်သဖြင့် ခေတ်စနစ်နှင့် ကိုက်ညီမှုရှိစေရန်နှင့် ပိုမိုကျယ်ပြန့်စွာ အကျုံးဝင်နိုင်စေရန်အတွက် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီဝင်အများစုက သဘောထားရရှိ ခဲ့ပြီး ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က ဖြည့်စွက်ချက်ကို ပယ်ဖျက် သင့်ကြောင်း သဘောထားတင်ပြခဲ့ပါသည်။

(ဂ)　တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့်၏ ပုဒ်မ ၇၄-က ဖြည့်စွက်ချက်ကို ပယ်ဖျက်ရန် အကြံပြုချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နယ်ပယ် ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်ပညာရှင်များကို ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ် နိုင်ရန် လိုအပ်သည့်အတွက် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီဝင် အများစုက သဘောထားရရှိခဲ့ပြီး ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် က ဖြည့်စွက်ချက်ကို ပယ်ဖျက် သင့်ကြောင်း သဘောထားတင်ပြခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့် ၏ အကြံပြုချက်များနှင့် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် တို့၏ သဘောထားတင်ပြချက် တို့ကို လွှတ်တော်၏အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်းနှင့် ကျန်အပိုဒ်၊ အပိုဒ်ခွဲများကို ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ဖြစ်တဲ့ -

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၈)**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၁၊ ပြင်ဆင်ချက်

အပိုဒ် ၂ ဖြစ်တဲ့ မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ် (၁) စကားရပ် အစားထိုး ပြင်ဆင်ချက်

အပိုဒ် ၃ဖြစ်တဲ့ မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ) မှာ ပါရှိတဲ့ စကားရပ် အစားထိုးပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄ ဖြစ်ပါတယ်။

မူလဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)ရဲ့နောက်မှာ ပုဒ်မခွဲ(ည)အဖြစ် ဖြည့်စွက် အတည်ပြုသင့်ကြောင်း တင်ပြထားသော်လည်း ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်နှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့် တို့က ပုဒ်မခွဲ(ည) အသစ်ဖြည့်စွက်ချက်ကို ပယ်ဖျက်ရန် အကြံပြု ဆွေးနွေးထားတဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့သူရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင်ခလုတ်ကိုနှိပ်ပြီး ထောက်ခံမဲပေးရန်နှင့် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင်ခလုတ်ကိုနှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး

ကန့်ကွက်မဲများလျှင် ဗိုလ်မှူးချုပ်တင့်လွင် နှင့် ဗိုလ်မှူးနိုင်မြင့် တို့၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၇)မဲ၊ ကန့်ကွက်မဲ (၆၅)မဲ၊ ကြားနေမဲ (၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ ပြင်ဆင်တဲ့ဥပဒေ အပိုဒ် ၅ ကို တင်ပြမှာဖြစ်ပါတယ်။

မူလဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)မှာ ပါရှိတဲ့ စကားရပ် အစားထိုး ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၆ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၇၄-က ဖြည့်စွက်ချက်ကို လွှတ်တော်က အတည်ပြုပေးဖို့ အဆိုတင်သွင်းအပ်ပါတယ်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် နဲ့ ဗိုလ်မှူးနိုင်မြင့် တို့ကတော့ ၇၄-က ဖြည့်စွက်ချက်ကို ပယ်ဖျက်ပေးရန် တင်ပြထားတဲ့အတွက် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂:၀၂**။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင်

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးချုပ် တင့်လွင် နှင့် ဗိုလ်မှူးနိုင်မြင့် တို့၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၈)မဲ၊ ကန့်ကွက်မဲ(၆၈)မဲ၊ ကြားနေမဲ(၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၆ မှာပါရှိတဲ့ မူလဥပဒေ ပုဒ်မ ၇၄-ခ အသစ်ဖြည့်စွက်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ တွင် ဖော်ပြထားသော ပုဒ်မ ၇၄-ခ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ တွင် ဖော်ပြထားသော ပုဒ်မ ၇၄-ခ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ အရင်ဆုံးခွင့်တောင်း၊ ခွင့်တောင်းပြီးတော့ဆို။

**ဦးကြည်ဝင်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အပိုဒ် ၂(င) အဓိပ္ပာယ် ဖော်ပြချက်မှာ တပ်မတော်နဲ့ပတ်သက်လို့ အပိုဒ် ၂(င)ကို ကျွန်တော် ပြင်ဖို့ပြောထားတယ်။ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သော်လည်း ယင်းတို့၏ လုပ်ငန်းသဘာဝ တာဝန်တို့အရ ဤဥပဒေကိစ္စနှင့် အကျုံးမဝင်ရဆိုတာကို အဲဒါကို ကျွန်တော် ဖျက်ခိုင်းထားတယ်။ ဖျက်ခိုင်းထားတော့ ဒါကို ဥပဒေကြမ်းမှာလည်း ကျွန်တော် ဆွေးနွေးတဲ့အခါမှာ ခုနက ဥပဒေကြမ်းကော်မတီက သုံးသပ်ချက်မှာလည်း ကျွန်တော့်ရဲ့ အဆိုပြုချက်ကို ပါထားတယ်။ ပါထားတဲ့အခါကျတော့ ဒီဟာကို ဥပဒေကြမ်းမှာကတည်းက ဒါ ကျွန်တော် လေးစားပါတယ် အားလုံးကို ဥပဒေကြမ်းမှာကတည်းက ပြောတယ်၊ မဲခွဲပါဆိုပြီးတော့ မဲခွဲဖို့ဆိုပြီး တက်လာပြီးတော့ အခု ဒီအပိုဒ် ၂(င)ကို မဲခွဲဖို့ အထဲကို ထည့်မထားဘူး။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပါပြီ။ ကျွန်တော် ဒီမှာလေ သူ့ရဲ့ ထိုင်ပါရပြီ။ ခင်ဗျား ကန့်ကွက်တယ်ဆိုရင်နော်။ ဒီမှာ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်မှာ သေသေချာချာ တိတိကျကျ သူတို့ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဟုတ်လား ဖွဲ့စည်းပုံအခြေခံ၊ ဒါ ဥပဒေကြမ်းကော်မတီရဲ့ လုပ်ပိုင်ခွင့်က ဒီ ဥပဒေကြမ်းတွေကို ပြုဌာန်းတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေနဲ့ ညီညွတ်မှု ရှိ/မရှိ စိစစ်ရမယ်ဆိုတဲ့အချက် ပါ ပါတယ်။ အဲဒီ စိစစ်ချက်အရ ကျွန်တော်တို့ ဒါ ဥပဒေကြမ်းကော်မတီက ဒီမှာ အစီရင်ခံစာကို သေချာတင်ထားပြီးတော့ ဒီ ကိုယ်စားလှယ်တွေပြောတဲ့အချက်ကို ဒီမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီညွတ်လို့ ဒါ အစီရင်ခံစာထဲ မထည့်ထားခြင်းဖြစ်ပါတယ်။

**ဦးကြည်ဝင်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ --------------------

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ ခင်ဗျား ဥပဒေကြမ်းကော်မတီမှာ ပြောသာပြောပြန်လိုက်တော့၊ အဝှာဖြစ်ချင် မဲခွဲပေးမယ်။

**ဦးကြည်ဝင်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ --------------------

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ ကိုယ်စားလှယ်ကြီး ကန့်ကွက်ချက်ကို ဟုတ်ပြီ။

**ဦးကြည်ဝင်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ --------------------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး ပြောသာ ပြောတယ်။ ဒါက လွှတ်တော်ဥက္ကဋ္ဌ ရဲ့ လုပ်ပိုင်ခွင့်ထဲမှာ ပါသွားပြီနော်။ ဆိုတော့ ဥပဒေကြမ်းကော်မတီက တင်လာခဲ့ပြီ။ ဒီဟာကိုလည်း ဥက္ကဋ္ဌအနေနဲ့လည်း လက်ခံထားပြီးဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အခုအဝှာရဲ့ ပြန်ထိုင်လိုက်တော့ ကျွန်တော် ခွင့်မပြုဘူး။ ကန့်ကွက်တယ်။ ဒါ ဥပဒေကြမ်းကော်မတီက ဒီမှာ သေချာတင်ပြထားပြီးဖြစ်တဲ့ ဥပဒေကြမ်းကော်မတီရဲ့ ဆောင်ရွက်ချက်အတိုင်းပဲ ဆက်လက် ဆောင်ရွက်သွားမယ်။ ခွင့်မပြုပါဘူး။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉(က)မှာ ဖော်ပြထားချက်အရ ဒီပြင်ဆင်ချက်အဆိုဟာ လွှတ်တော်က လက်ခံဆောင်ရွက်ရန်လုံးဝမရှိတဲ့ ပြင်ဆင်ချက်အဆို ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကနေ လက်ခံဆောင်ရွက်ခြင်းမပြုရမည့် အဆိုဖြစ်ပါတယ်။ ဒါပထမတစ်ချက်ပါ။ ဒုတိယတစ်ချက်ကကျတော့ ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁ ကနေ ၃ ထိကိုလည်း အတည်ပြုပြီး ဖြစ်ပါတယ်။ အခုဟာက ဥပဒေကြမ်းရဲ့ လွှတ်တော်တစ်ရပ်လုံးက အတည်ပြုခဲ့တဲ့ ၁ က ၆ ကိုပဲ ဆက်ပြီးတော့ ဥပဒေကြမ်းရဲ့အစိတ်အပိုင်း ဖြစ်သင့်၊ မဖြစ်သင့်ဆိုတဲ့ အဆိုကိုရောက်ရှိနေပါပြီ။ ဒီအတွက်ကြောင့်မို့လို့ လွှတ်တော်ရဲ့ဆောင်ရွက်ချက်များဟာ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက်ကြောင့် ယခုအဆိုဟာ အတည်ဖြစ်သည်ဟု မှတ်ယူပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁ မှ ၆ တို့ဟာ ဤဥပဒေကြမ်းရဲ့အစိတ်အပိုင်းဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ ကြေညာပေးပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။**　　။ --------------------

**ဥက္ကဋ္ဌ။**　　။ ကျွန်တော် ခွင့်မပြုတော့ပါဘူး။

**ဥက္ကဋ္ဌ။**　　။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အရ ဥပဒေကြမ်းရဲ့ အပိုဒ် ၁ မှ ၆ တို့ဟာ ဤဥပဒေကြမ်းရဲ့ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။**　　။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၄။**

**ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က လွှတ်တော်သို့ တင်သွင်းထားသည့် နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် ညှိနှိုင်းရေးဆွဲခဲ့ပြီး ဖြစ်သည့်အပြင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း တစ်ပိုဒ်ချင်း စီအလိုက် အတည်ပြုထားပြီးဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၅။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ က နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆိုတင်သွင်းလာခြင်းအား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းအောင် က လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်သည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၁၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် (တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂:၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]